# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၁၈၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း တက်ရောက်မိန့်ခွန်း ပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❐


❖ **တပ်မတော်အနေဖြင့် ကာကွယ်ရေးစွမ်းအား တည်ဆောက်ရာတွင် မြန်မာအမျိုးသမီးထု ပါဝင်နိုင်ရေး အမျိုးသမီးများ၏အခန်းကဏ္ဍ မြှင့်တင်ရေးနှင့် တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်ရေးတို့အတွက် သင်တန်းကျောင်းများဖွင့်လှစ်ပြီး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ**




## ရေရှည်စီမံဆောင်ရွက်သွားရမည့် အမျိုးသားအားကစားအဆင့်မြင့်မားရေး

အားကစားသည် လူတစ်ဦးချင်းစီအတွက် ကိုယ်ခန္ဓာအရ ရော စိတ်ဓာတ်ပိုင်းဆိုင်ရာအရပါ ကျန်းမာကြံ့ခိုင်စေသကဲ့သို့ နိုင်ငံ တစ်နိုင်ငံအနေဖြင့်ဆိုလျှင်လည်း အားကစား အောင်မြင်မှုက နိုင်ငံ၏ ဂုဏ်သိက္ခာကို မြင့်မားစေသည်။ နိုင်ငံကို ကိုယ်စားပြု ယှဉ်ပြိုင်ရသည့် အားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်သူ အားကစားသမားနှင့်တကွ ကြည့်ရှုအားပေးသည့် နိုင်ငံသူ နိုင်ငံသားအားလုံးတို့တွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အမျိုးသားရေး စရိုက်လက္ခဏာများ နိုးကြားတက်ကြွလာစေသည်ကို မကြာသေးမီက ပြီးစီးခဲ့သည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများ၌ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြပြီး ဖြစ်သည်။

"အားကစားမြှင့်တင် ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းနှင့် လူငယ်များ၏ စိတ်ဓာတ် (Mind Set) ကို ပြုပြင်ပေးခြင်းပင်ဖြစ်သဖြင့် နောင်လာမည့် ဆယ်စုနှစ်အတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး မြန်မာ့အားကစား တစ်ခေတ်ဆန်းလာစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း" ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယမန်နှစ် ဒီဇင်ဘာလ ၂၆ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မှာကြားခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး" ဟူသော လူမှုရေးဦးတည်ချက်တစ်ရပ်ကို ပြဋ္ဌာန်းထားပြီး မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ အားကစားကဏ္ဍသည် အဘက်ဘက်မှ မြှင့်တင်ပေးရန်လိုအပ်လျက်ရှိပြီး မြန်မာ့အားကစားအဆင့်အတန်း မြင့်မားလာရေးအတွက် အဆင့်လိုက် ရည်မှန်းချက် ပန်းတိုင်များ ချမှတ်ကာ ရေရှည်အစီအမံများဖြင့် တစိုက်မတ်မတ် ဆောင်ရွက်သွားရမည်ဖြစ်သည်။ အားကစားနည်းများအလိုက် အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်လာရေး၊ အရည်အချင်းပြည့်ဝသော နည်းပြများ ပြုစုပျိုးထောင်ရေး၊ ခေတ်မီနည်းစနစ်များ၊ စက်ကိရိယာများဖြင့် သိပ္ပံနည်းကျလေ့ကျင့်ပေးရေး၊ အုပ်ချုပ်ထောက်ပံ့မှုများ အားကောင်းရေးတို့အတွက် အားကစားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ပြုလုပ်သွားရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် အားကစားနည်းများအလိုက် ပြည်တွင်းပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပရေး၊ ပြည်ပပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ရေးတို့ကို နိုင်ငံတကာအဆင့်မီ အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်သွားရန်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဘဝအာမခံချက် ခိုင်မာရေး ဆောင်ရွက်ပေးရန်တို့ကိုလည်း ဖြည့်ဆည်းရမည်ဖြစ်သည်။

အားကစားကဏ္ဍ အောင်မြင်မှုသည် နိုင်ငံ၏ အောင်မြင်မှုနှင့် ထပ်တူပင်ဖြစ်ရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးမှသည် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ ပြည်တွင်းပြိုင်ပွဲများမှသည် ဒေသတွင်းနိုင်ငံများနှင့် အဆင့်အတန်းမြင့်မားစွာ ယှဉ်ပြိုင်နိုင်ရေး၊ အနာဂတ်ကာလတွင် အာရှအဆင့်၊ ကမ္ဘာ့အဆင့်တို့အထိ ထိုးဖောက်ရောက်ရှိ အောင်မြင်နိုင်ရေးတို့ကို ရေရှည်ရည်မှန်းချက်ဖြင့် ပန်းတိုင်အဆင့်ဆင့် ချမှတ်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။
၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။
၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။
၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၇

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) ကို ယနေ့ မွန်းလွဲ ၁ နာရီ တွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ (၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

ရှေးဦးစွာ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများအတွက် မိမိတို့ ညှိနှိုင်း ပေါင်းစပ်ရေးကော်မတီ အပါအဝင် လုပ်ငန်းကော်မတီလေးခု၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်နိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကောင်းမွန်ထိရောက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရေးနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ ဘဝလုံခြုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ယနေ့ ညှိနှိုင်းအစည်းအဝေးမှ ရရှိလာသည့် ကောင်းမွန်သည့် သုံးသပ် အကြံပြုချက်များအပေါ် အခြေခံ၍ အကျိုးရှိထိရောက်သည့် ဆုံးဖြတ်ချက်များကို တစ်ပါတည်း ချမှတ်သွားမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကော်မတီများအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရေးဆွဲထားသည့် စီမံချက်များနှင့်အညီ အောင်မြင်အောင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဝိုင်းဝန်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည် စိစစ်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် က ပြန်လည်ဝင်ရောက်လာသူများကို လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ လူဦးရေစိစစ်မှုကဏ္ဍ၊ ပြန်လည်လက်ခံရေးဆိုင်ရာ ပြင်ဆင်မှုလုပ်ငန်းများ ကဏ္ဍ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှုကဏ္ဍ၊ လူမှုစီးပွား ဖွံ့ဖြိုးရေးကဏ္ဍ၊ လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ (HARWC) ၏ ရန်ပုံငွေရှင်းလင်းမှုကဏ္ဍ၊ လုံခြုံရေးကဏ္ဍများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများက ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုစဉ်။

❒ *ရွှေဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီး၊ ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ချီတက်အလေးပြု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက ဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူပြီး အလံတော်အဖွဲ့နှင့် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရ အမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉) မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ် ( ၅၆) ဗိုလ်လောင်း သိမ့်နန္ဒာအောင်အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့ကမ္ဘာပေါ်တွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည် ကဏ္ဍသည် ကျယ်ပြန့်လာသည့်အပြင် ထူးချွန်ထက်မြက်သည့် အမျိုးသမီးပညာရှင်များလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ တပ်မတော်များတွင် အမျိုးသမီးများ၏ စစ်မှုထမ်းဆောင်ခြင်း အခန်းကဏ္ဍသည် များပြားလာပြီး အခန်းကဏ္ဍအလိုက် အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

**စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိ**

တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍမြင့်မားရေးကို အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဘွဲ့ရအမျိုးသမီး အရာရှိများကို ယခုအမှတ်စဉ်(၉)အထိ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် မကြာမီ လက်တွေ့နယ်ပယ်တွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရတော့မည် ဖြစ်သည့်အတွက် တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများ၊ သိသင့်သိထိုက်သည်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား အလေးအနက်ထား မှာကြားလိုကြောင်း၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) မှ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာ၌ အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်စေရန်အတွက် အမျိုးသမီးစစ်မှုထမ်း (အရာရှိ) များအား လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်" ဆိုသည့် ကောင်းမွန်သည့် ရည်ရွယ်ချက်နှင့် အမျိုးသမီးစစ်မှုထမ်း(အရာရှိ) များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိကြောင်း။

**ရည်မှန်းချက်ထား လေ့ကျင့်ပေးလျက်ရှိ**

နိုင်ငံတော်ကာကွယ်ရေး တာဝန်တစ်ရပ်သည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးမရွေး မဖြစ်မနေထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီးစစ်မှုထမ်းများကိုလည်း အမျိုးသားစစ်မှုထမ်းများနည်းတူ ရင်ပေါင်တန်းပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်မှန်းချက်ထား လေ့ကျင့်ပေးလျက်ရှိကြောင်း။

နိုင်ငံ၏သမိုင်းနှင့် တပ်မတော်၏သမိုင်းသည် တစ်ထပ်တည်း တည်ရှိနေကြောင်း၊ နိုင်ငံသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ပြည်တွင်းသောင်းကျန်းမှု ချေမှုန်းရေးကာလနှင့် ပါတီစုံဒီမိုကရေစီစနစ်ကာလများကို ဆူကြုံနိမ့်မြင့် ကြုံတွေ့ခဲ့ရပြီး တပ်မတော်သည်လည်း နိုင်ငံတော်၏ အမျိုးသားရေးကိစ္စရပ်တိုင်းတွင် နိုင်ငံတော်နှင့်အတူ ယှဉ်တွဲလိုက်ပါပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးလည်မသုန် ကြိုးပမ်းထမ်းဆောင်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုသည် တပ်မတော်၏ သမိုင်းကြောင်းနှင့်အတူ ပါရှိလာခဲ့သည့် အစဉ်အလာကောင်းများပင်ဖြစ်ကြောင်း။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလဖြစ်သည့် BIA၊ BDA ခေတ်တွင် လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယမှအစပြုပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် မူဝါဒများအထိ နိုင်ငံ့အရေးမှန်သမျှကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါမူဝါဒများကို ပြန်ကြည့်မည်ဆိုပါက ခေတ်အဆက်ဆက်တွင် ဖြစ်တည်ခဲ့သည့် နိုင်ငံတော်၏ ပကတိလိုအပ်ချက်များကို မူဝါဒများ အဆင့်ဆင့်ပြောင်းလဲချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

**" မိမိတာဝန်ကျရာ တပ်ဖွဲ့အသီးသီးတွင် မည်သည့်တာဝန်များကို ထမ်းဆောင်ကြရသည်ဖြစ်စေ၊ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ပင်ဖြစ်၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် တာဝန်ကျရာတပ်ဖွဲ့အသီးသီး၏ လုပ်ငန်းပိုင်းဆိုင်ရာတွင် အထူးကျွမ်းကျင်သူများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လို "**

☆ **မိမိ၏ ကြိုးစားအားထုတ်မှုအပေါ်မူတည်ပြီး ရာထူးတိုးမြှင့်ရေးကိစ္စရပ်များတွင် ကွာခြားသွားမည်ဖြစ်သည့်အတွက် မိမိကိုယ်ကို ကောင်းမွန်အောင်နှင့် မိမိဦးဆောင်ရသည့် အဖွဲ့အစည်းကောင်းမွန်အောင် ညီညွတ်မျှတသည့် အုပ်ချုပ်မှုဖြစ်အောင် အမြဲကြိုးစားဆောင်ရွက်နေရမည်**

☆ **တပ်မတော်ကို တိုက်ပွဲစွမ်းရည်၊ တိုက်ပွဲစွမ်းအားပြည့်စုံသည့် တပ်မတော်တစ်ရပ်ဖြစ်အောင် တည်ဆောက်လျက်ရှိ**

☆ **ထိုသို့ တည်ဆောက်သည့်နေရာတွင် စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်သားများနှင့် အဓိကသက်ဆိုင်ပြီး စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ( ၅၆) ဗိုလ်လောင်း သိမ့်နန္ဒာအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

လက်ရှိအခြေအနေတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်ကာ နိုင်ငံ့အရေးအတွက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး နိုင်ငံရေးရည်မှန်းချက် ၂ရပ်နှင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး စသည့် အမျိုးသားရေးရည်မှန်းချက် ၂ ရပ်တို့ကို အားကြိုးမာန်တက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

**ကမ္ဘည်းတင်နိုင်အောင်လည်းကြိုးစား**

တပ်မတော်သား အမျိုးသမီးအရာရှိများအဖြစ် တာဝန်ထမ်းဆောင်တော့မည့်သူများဖြစ်၍ နိုင်ငံတော်၏သမိုင်း၊ တပ်မတော်၏ သမိုင်းကြောင်းများကို အသေးစိတ်သိရှိအောင် လေ့လာထားကြရန် လိုအပ်ကြောင်း၊ သို့မှသာ တပ်မတော်၏ အစဉ်အလာကောင်းသည့်သမိုင်းကြောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ကြမည်ဖြစ်ပြီး ကောင်းမွန်သည့် သမိုင်းကြောင်းများ ကမ္ဘည်းတင်နိုင်အောင်လည်း ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်း။

မြန်မာ့တပ်မတော်သမိုင်းကြောင်းတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အချို့ကို ပြန်လည်လေ့လာကြည့်မည်ဆိုပါက လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မြန်မာအမျိုးသမီးများ၏ ကြိုးပမ်းမှုကဏ္ဍအချို့ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း အမျိုးသမီးအရာရှိနှင့် အခြားအဆင့်စစ်မှုထမ်းများကို လက်ရုံးတပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့များတွင် တာဝန်ပေးခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၁၉၅၄ ခုနှစ်က ဖွဲ့စည်းခဲ့သည့် မြန်မာအမျိုးသမီး စစ်ဝန်ထမ်းတပ်ဖွဲ့ဝင်များမှ အမျိုးသမီးအရာရှိများသည် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသည့် အစဉ်အလာကောင်းများကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရကြောင်း။

တပ်မတော်အနေဖြင့် ကာကွယ်ရေးစွမ်းအားတည်ဆောက်ရာတွင် မြန်မာအမျိုးသမီးထု ပါဝင်နိုင်ရေး အမျိုးသမီးများ၏အခန်းကဏ္ဍ မြှင့်တင်ရေးနှင့် တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်ရေးတို့အတွက် သင်တန်းကျောင်းများဖွင့်လှစ်ပြီး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် သင်တန်းဆင်းဘွဲ့ရ အမျိုးသမီးအရာရှိများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် မဟာဘွဲ့၊ ပါရဂူဘွဲ့များရရှိနိုင်ရေး ဆက်လက်ပညာဆည်းပူးသင်ကြားစေလျက်ရှိကြောင်း။

**လေ့လာဆည်းပူးသွားကြရန်လို**

တပ်ဖွဲ့အသီးသီး၏ တာဝန်များကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်ရန် တပ်ဖွဲ့တိုင်း၏ လုပ်ငန်းခွင်ပညာရပ်များကို လေ့လာဆည်းပူးသည့်နေရာတွင် တန်းမြင့်သင်တန်းများ၊ အထက်အရာရှိများ၊ လုပ်ဖော်ကိုင်ဖက်များမှတစ်ဆင့် သင်ယူလိုစိတ်၊ မှတ်သားလိုစိတ်၊ လေ့လာလိုစိတ်များဖြင့် လေ့လာသင်ယူသွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် စာပေပညာရပ်များကတစ်ဆင့်လည်း လေ့လာဆည်းပူးသွားကြရန် လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းခွင်အလိုက် ကျရာတာဝန်များကို ကျွမ်းကျင်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

**ဂုဏ်ယူစွာတွေ့မြင်ရမည်**

ယနေ့ မြန်မာ့တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းအရာရှိ၊ စစ်သည်များသည် (ကြည်း၊ ရေ၊ လေ) ရုံး၊ ဌာနများအပါအဝင် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီးတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ ကျယ်ပြောလှသည့် ပင်လယ်သမုဒ္ဒရာကို မိုင်ထောင်ချီလှိုင်းကြီးလှေအောက် ဖြတ်ကျော်ပြီး ချစ်ကြည်ရေးခရီးစဉ်များနှင့် ပူးတွဲလေ့ကျင့်ခန်းများအတွက် သွားရောက်ခဲ့ကြသည့် စစ်ရေယာဉ်ခရီးစဉ်များ၊ မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ပြည်သူလူထုကို ဆေးကုသမှုပေးနေသည့် ခရီးစဉ်များတွင် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြသကဲ့သို့ ပြည်ပနိုင်ငံများကို သွားရောက်ပြီး နိုင်ငံပေါင်းစုံပါဝင်သည့် တပ်မတော်အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရာတွင်လည်း ဆုတံဆိပ်အမျိုးမျိုးရရှိအောင် နိုင်ငံတကာတပ်မတော်များနှင့် ယှဉ်ပြိုင်အနိုင်ယူသည်အထိ စွမ်းဆောင်နိုင်ခဲ့ကြကြောင်း၊ ထို့အပြင် အမျိုးသမီးအရာရှိအချို့သည် ကြမ်းတမ်းခက်ခဲသည့် အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) တပ်ဖွဲ့ဝင်များအဖြစ် တာဝန်ကျေပွန်စွာထမ်းဆောင်နေကြသကဲ့သို့ တပ်မတော်(လေ)တွင်လည်း အမျိုးသမီးလေသူရဲအရာရှိများအဖြစ် ပျံသန်းရေးတာဝန်အမျိုးမျိုးကို ထမ်းဆောင်နေကြပြီဖြစ်ကြောင်း၊ စစ်သုံးလေထီးခုန်ခြင်း၊ အလွတ်ခုန်လေထီးခုန်ခြင်း စသည့် ရဲဝံ့သည့် လုပ်ငန်းတာဝန်များကိုလည်း အမျိုးသားအရာရှိ၊ စစ်သည်များနှင့် တန်းတူလိုက်ပါ တာဝန်ထမ်းဆောင်နိုင်ခြင်းကို ဂုဏ်ယူစွာ တွေ့မြင်ရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံး ဗိုလ်လောင်းဆုရ ဗိုလ်လောင်း သိမ့်နန္ဒာအောင်၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်း ဆုရည်ကျော်၊ ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်း ခက်ခက်ဦးနှင့် စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်း စိုးသော်တာလင်းတို့ကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်စဉ်။

*စာမျက်နှာ ၄ မှ*

မိမိတာဝန်ကျရာ တပ်ဖွဲ့အသီးသီးတွင် မည်သည့်တာဝန်များကို ထမ်းဆောင်ကြရသည်ဖြစ်စေ၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် တာဝန်ကျရာတပ်ဖွဲ့အသီးသီး၏ လုပ်ငန်းပိုင်းဆိုင်ရာတွင် အထူးကျွမ်းကျင်သူများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း။

**တစ်သဝေမတိမ်း တိကျစွာလိုက်နာ**

အရာရှိငယ်များ ဖြစ်လာကြမည့်သူများ ဖြစ်သည့်အတွက် ခေါင်းဆောင်မှုပညာရပ်များကိုလည်း အမိကျောင်းတော်ကြီးက သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်ကြားတတ်မြောက်ပြီးဖြစ်သည့် ခေါင်းဆောင်မှုပညာရပ်များကို လက်တွေ့နယ်ပယ်တွင် တွေ့ကြုံရသည့် အတွေ့အကြုံများနှင့် ပေါင်းစပ်အသုံးချပြီး ခေါင်းဆောင်ကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် လိုကြောင်းနှင့် နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်ဆိုသည်ကိုလည်း မမေ့မလျော့ဘဲ လက်တွေ့နယ်ပယ်တွင် စီနီယာအရာရှိများ၏ သွန်သင်ဆုံးမမှု အပါအဝင် အုပ်ချုပ်မှုကိစ္စရပ်တိုင်းတွင် ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးသကဲ့သို့ လေ့လာ၊ လေ့ကျင့်၊ လိုက်နာသွားကြရန်လည်း မှာကြားလိုကြောင်း၊ ထို့အပြင် မိမိကွပ်ကဲမှုအောက်တွင်ရှိသည့် အရာရှိ၊ စစ်သည်များကို ညီညွတ်မျှတမှုရှိသည့် ခေါင်းဆောင်မှုပေးနိုင်ရန်လိုအပ်သလို မိမိတို့ကိုယ်တိုင်အနေဖြင့်လည်း လက်အောက်ကို ခေါင်းဆောင်မှုပေးနိုင်ရန် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို တစ်သဝေမတိမ်း တိကျစွာ လိုက်နာရန် လိုကြောင်း၊ သို့မှသာ လက်အောက် အရာရှိ၊ စစ်သည်များ၏ အထင်ကြီးလေးစားမှုနှင့် အားကိုးယုံကြည်မှု အပြည့်အဝရရှိမည်ဖြစ်ကြောင်း၊ ထိုသို့ အထက်အောက် အပြန်အလှန် ယုံကြည်ကိုးစားအားကိုးမှုရှိမှသာ မိမိအဖွဲ့အစည်းသည် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ချို့ယွင်းချက်မရှိ ရာနှုန်းပြည့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်သားဖြစ်သည်နှင့်အညီ အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်းအတိုင်း နေထိုင်လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို တပ်မတော်တွင် တာဝန်ထမ်းဆောင်သည့် ကာလတစ်လျှောက်လုံး လိုက်နာနေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏အဓိကကျောရိုးမဏ္ဍိုင်ဖြစ်ပြီး စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုရှိသည့် တပ်မတော်သားများဖြစ်အောင် နေထိုင်ကြရန် လိုကြောင်း၊ တပ်မတော်သားများသည် တပ်မတော်၏ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရသည့်အပြင် အရပ်ဘက်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို နိုင်ငံသားတစ်ဦးအနေဖြင့်လည်း လိုက်နာကြရသူများ ဖြစ်ကြောင်း။

**လိုက်နာဆောင်ရွက်ကြ**

ထို့အပြင် နိုင်ငံတကာတွင် လက်ခံကျင့်သုံးနေသည့် စစ်ပွဲဆိုင်ရာ ဥပဒေများကိုလည်း သိရှိလိုက်နာကြရကြောင်း၊ သင်တန်းကာလအတွင်း စစ်စည်းကမ်းလိုက်နာပြီး အမိန့်နာခံမှုရှိစေရန် အခြေခံစစ်ရေးပြကစပြီး လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် ကိုယ်တိုင်စည်းကမ်းကို တိကျစွာလိုက်နာစောင့်ထိန်းရပြီး မိမိတာဝန်ယူကွပ်ကဲရသည့် လက်အောက်က ပြစ်မှုကျူးလွန်လျှင်လည်း မျက်ကွယ်ပြု၍မရဘဲ စစ်ဘက်၊ နယ်ဘက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ထမ်းဆောင်ရာတွင် ပြဋ္ဌာန်းထားသည့်ဥပဒေ၊ ထုတ်ပြန်ထားသည့်အမိန့်နှင့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း။

**အခြေခံကောင်းအောင် လေ့ကျင့်သင်ကြားပေး**

တပ်မတော်၏ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး ၄ ရပ်အနက် ပထမလုပ်ငန်းစဉ်သည် လေ့ကျင့်ရေးနှင့် တည်ဆောက်ခြင်းပင်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် လေ့ကျင့်နေမှသာလျှင် စွမ်းရည်မြင့်မားသည့် တပ်မတော်ကြီး ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်ရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝစွာဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် အဆင့်နှင့်လျော်ညီသည့် သင်တန်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ သင်တန်းတိုင်းတွင် မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံမှုတို့ဖြင့် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သင်တန်းကာလတိုတောင်းသော်လည်း အရာရှိတစ်ဦးအတွက် သိသင့်သိထိုက်သည့် အသိပညာ၊ တတ်သင့်တတ်ထိုက်သည့် အတတ်ပညာနှင့် စည်းကမ်းတကျ လုပ်ကိုင်တတ်သည့် အရာရှိငယ်များအဖြစ် အခြေခံကောင်းအောင် လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း။

**အမြဲလေ့ကျင့်နေရမည်**

ဘွဲ့ရပညာတတ်များဖြစ်ပြီး ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူဆောင်ရွက်ရမည့်သူများ ဖြစ်သည့်အတွက် ပိုမိုနားလည်နိုင်စွမ်းနှင့် လေ့လာဆည်းပူးနိုင်စွမ်းရှိရန်လိုကြောင်း၊ ကျောင်းက လေ့ကျင့်သင်ကြားပေးလိုက်သည့် ဘာသာရပ်များနှင့် လေ့ကျင့်ဆောင်ရွက်မှုများသည် အခြေခံမျှသာဖြစ်၍ လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် မှန်မှန်ကန်ကန်၊ ထိထိရောက်ရောက် အသုံးချနိုင်ရန်လိုကြောင်း၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို လက်တွေ့အသုံးချနိုင်ရေးအတွက် ဆက်လက်လေ့လာဆည်းပူးကြရန်လိုကြောင်းနှင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ကျန်းမာ၊ ကြံ့ခိုင်၊ ကျွမ်းကျင်မှုရှိရန် အမြဲလေ့ကျင့်နေရမည်ဖြစ်ကြောင်း။

**လက်တွေ့နယ်ပယ်တွင်လိုက်နာကျင့်သုံး**

အသိပညာ၊ အတတ်ပညာသည် အကန့်အသတ်မရှိ ကျယ်ဝန်းခြင်းကြောင့် မိမိ၏ ကြိုးစားအားထုတ်မှု၊ လေ့ကျင့်မှုအပေါ်တွင် မူတည်ပြီး ကျွမ်းကျင်တတ်မြောက်လာမည်ဖြစ်ကြောင်း၊ စစ်အခြေခံသဘောတရားနှင့် စစ်မြေပြင်စည်းကမ်းများကို လက်တွေ့နယ်ပယ်တွင် လိုက်နာကျင့်သုံးကြရန်လိုကြောင်း၊ တစ်ဆင့်မြင့်သော ရာထူးတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် ထပ်မံတက်ရောက်ရမည့် အခြားစစ်ဘက်သင်တန်းများတွင်လည်း ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုနှင့် ကျန်းမာရေးကောင်းမွန်အောင် နေထိုင်မှုတို့အပေါ်မူတည်ပြီး သင်တန်းဆင်းအဆင့်များ ကွာခြားသွားမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၆ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၉)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲတွင် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၅ မှ*

### ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

မိမိ၏ ကြိုးစားအားထုတ်မှုအပေါ် မူတည်ပြီး ရာထူးတိုးမြှင့်ရေးကိစ္စရပ်များတွင် ကွာခြားသွားမည်ဖြစ်သည့်အတွက် မိမိကိုယ်ကို ကောင်းမွန်အောင်နှင့် မိမိဦးဆောင်ရသည့် အဖွဲ့အစည်းကောင်းမွန်အောင် ညီညွတ်မျှတသည့် အုပ်ချုပ်မှုဖြစ်အောင် အမြဲကြိုးစားဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်ကို တိုက်ပွဲစွမ်းရည်၊ တိုက်ပွဲစွမ်းအားပြည့်စုံသည့် တပ်မတော်တစ်ရပ်ဖြစ်အောင် တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ တည်ဆောက်သည့်နေရာတွင် စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်သားများနှင့် အဓိကသက်ဆိုင်ပြီး စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်အောင် တပ်များ၏ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ လက်ရုံးရည်နှင့် နှလုံးရည်တို့တက်မြင့်မားအောင် အကြိမ်ကြိမ်အခါခါ လေ့ကျင့်ရေးကို တစ်ဦးချင်းနှင့် အဖွဲ့လိုက်ပါ လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းအရည်အသွေးမြင့်မှ အဖွဲ့အစည်းတစ်ခုလုံး အရည်အသွေးမြင့်မားလာမည်ဖြစ်သည့်အတွက် တစ်ဦးချင်း အရည်အသွေးမြင့်မားလာအောင် တစ်ဦးချင်း လေ့ကျင့်ရေး (Individual Training) မှသည် အစုအဖွဲ့လိုက် စွမ်းရည် မြင့်မားလာအောင် အစုအဖွဲ့လိုက်လေ့ကျင့်ရေး (Collective Training)၊ မတူညီသည့် တပ်ဖွဲ့များ ပူးပေါင်းလေ့ကျင့်ရသည့် ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်း (Joint Operation Training) များအထိ လေ့ကျင့်နေကြခြင်းဖြစ်ကြောင်း။

### အစဉ်အမြဲကြိုးစားလေ့လာ

ထို့ကြောင့် တပ်မတော်၏ ရည်မှန်းချက်ဖြစ်သည့် **"ခေတ်မီတပ်မတော်ဖြစ်စေရန်အတွက် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားတို့ ထက်မြက်ရေး"** ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တိုင်းတွင် စွမ်းစွမ်းတမံ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြရန် အရေးကြီးကြောင်း၊ တစ်ဖက်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် ခေတ်မီတပ်မတော်တစ်ရပ်ကို စဉ်ဆက်မပြတ် တည်ဆောက်ကြရမည်ဖြစ်၍ တစ်ဖက်တွင်လည်း ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက် လွတ်လပ်ရေးရပြီးကပင် (၇၅)နှစ်တိုင်တိုင် ယနေ့ကာလအထိ နယ်ချဲ့ကိုလိုနီလက်ဟောင်းများနှင့် လက်သစ်များပါ မိမိတို့တိုင်းပြည်အပေါ် နည်းမျိုးစုံ သွေးခွဲမှုများကြောင့် ဝါဒရေးရာအယူအဆကွဲလွဲမှု၊ လူမျိုးရေးရာအယူအဆကွဲလွဲမှု၊ ဘာသာရေးရာအယူအဆကွဲလွဲမှုများကတစ်ဆင့် တိုင်းရင်းသားညီအစ်ကို အချင်းချင်းသည် ပဋိပက္ခမျိုးစုံဖြစ်ပွားခဲ့၊ ဖြစ်ပွားနေဆဲဖြစ်နေမှုကိုလည်း အမြန်ဆုံးချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် မတူညီခြင်းကိုဘေးချိတ် တူသည်ကို တွဲချိတ်ပြီး ငြိမ်းချမ်းသာယာသော ပါတီစုံဒီမိုကရေစီနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်း တစ်ပြိုင်နက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကြိုတင်ကန့်သတ်ချက်မထားဘဲ နှစ်ဖက်ထာဝရငြိမ်းချမ်းရေးမှသည် ပါတီစုံဒီမိုကရေစီကျင့်သုံးမှုနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး အမြန်ဆုံးပေါ်ထွန်းလာစေရေး ဦးတည်ချက်ဖြင့် ထာဝရငြိမ်းချမ်းရေးအတွက်ဆွေးနွေးရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ဖိတ်ခေါ်၍ ဆွေးနွေးလျက်ရှိရာ ယခုဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၀ ဖွဲ့နှင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍကနေ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် ထိုသို့ဆောင်ရွက်နိုင်ရန်ကိုလည်း ထာဝရငြိမ်းချမ်းရေးသမိုင်းကြောင်းများကို သိရှိနားလည်အောင် အစဉ်အမြဲ ကြိုးစားလေ့လာနေကြရန်လိုကြောင်း။

### ရဲစွမ်းသတ္တိရှိလာမည်

တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်ရမည့် အဓိကကာကွယ်ရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်နှင့်အညီ တပ်မတော်သားများသည်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကကျသည့် ကာကွယ်ရေးအင်အားစုများပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် တပ်မတော်သားတိုင်းအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိရေးသည် အရေးကြီးသည့် အချက်ပင်ဖြစ်ကြောင်း၊ ကိုယ်စီရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်နေမှ စစ်ပညာအတတ်ပညာများကို ကျွမ်းကျင်မှုရှိအောင် အမြဲမပြတ် လေ့ကျင့်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိပြီး မိမိနှင့်သက်ဆိုင်သည့် အတတ်ပညာကို ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ထားပါက ရဲစွမ်းသတ္တိ ရှိလာမည်ဖြစ်ကြောင်း။

တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှုကောင်းပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျွမ်းကျင်ကျေပွန်စွာ ထမ်းဆောင်နိုင်ပြီဆိုလျှင် လုပ်ငန်းခွင်လက်တွေ့နယ်ပယ်များ၊ တိုက်ပွဲများတွင် ရဲစွမ်းသတ္တိရှိသည့် စစ်သည်တော်ကောင်းများ အလိုလိုဖြစ်လာမည်ဖြစ်ကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများဝီဝီပိုင်ဆိုင်ထားသည့် စိတ်ဓာတ်ကြံ့ခိုင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ယုံကြည်လေးစားအားထားရသည့် တပ်မတော်သားကောင်းများဖြစ်အောင် ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်ဆိုသည့် ဆောင်ပုဒ်များနှင့်အညီ အစဉ်ကြိုးစားသွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

### စဉ်ဆက်မပြတ်လေ့လာဆည်းပူး

တပ်မတော်၏မွန်မြတ်သည့် အတိတ်သမိုင်းကြောင်း၊ အစဉ်အလာနှင့် ပစ္စုပ္ပန် ရပ်တည်ချက် အမှန်တရားကို သိရှိနားလည်ပြီး ပေးအပ်လာသည့် တာဝန်များကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကျေပွန်အောင် ဂုဏ်သိက္ခာရှိရှိ ထမ်းဆောင်သွားကြရန်၊ တပ်မတော်၏ ရည်မှန်းချက်ဖြစ်သည့် "အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်" တည်ဆောက်ရာတွင် ပေးအပ်လာသည့် တာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ခေါင်းဆောင်ငယ်များအဖြစ် မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှုနှင့် ကြိုးစားအားထုတ်မှုကိုအခြေခံပြီး အထက်က ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်၊ သင်တန်းက သင်ကြားပေးလိုက်သည့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ပညာရပ်များနှင့် ခေါင်းဆောင်မှုပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားကြရန်၊ တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှု၊ မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များတွင် ကျွမ်းကျင်မှုရှိပြီး ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

### ဂုဏ်ပြုအမှာစကားပြောကြား

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်လောင်း သိမ့်နန္ဒာအောင်၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်း ဆုရည်ကျော်၊ ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်း ခက်ခက်ဦးနှင့် စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်း စိုးသော်တာလင်းတို့ကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

### ဂုဏ်ပြုညစာ အတူတကွသုံးဆောင်

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်သည်။

### ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီ တေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း၊ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များ၊ တပ်မတော် ဘောလုံးစက်ရုံ၊ တပ်မတော် ဘီစကစ်နှင့် ခေါက်ဆွဲစက်ရုံများသို့ သွားရောက်စစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး (အမျိုးသမီး)သင်တန်းသူများနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်ကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အဖွဲ့ဝင်များနှင့်အတူ တပ်မတော် (ကြည်း) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းလေ့ကျင့်ရေးရုံးရှိ သင်တန်းဌာနများအလိုက် ရုံးခန်းများ၊ သင်တန်းသား စာသင်ဆောင်များ၊ သင်တန်းခန်းမဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် သင်တန်းရုံး ရှင်းလင်းဆောင်၌ တပ်မတော်(ကြည်း)အရာခံနှင့် အကြပ်ကြီးသင်ကျောင်း ခေတ္တကျောင်းအုပ်ကြီးက တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**နေ့လယ်စာ အတူတကွသုံးဆောင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး (အမျိုးသမီး)သင်တန်းသူများနှင့် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော် (ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း စိုက်ပျိုး/မွေးမြူရေးခြံများသို့ သွားရောက်ပြီး ဥစားကြက်၊ အသားတိုးကြက်နှင့် DYLဝက်များ မွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မှော်ဘီမြို့ရှိ တပ်မတော်ဘောလုံးစက်ရုံသို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူး ဒေါ်ကေသီက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ပါဝါပွိုင့်များဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်သော ဘောလုံး၊ ဘော်လီဘော အမျိုးမျိုးကို ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ လက်ရှိအသုံးပြုနေသောစက်များနှင့် စွမ်းအားပြည့် ထုတ်ကုန်အရည်အသွေး မကျဆင်းစေဘဲ ထုတ်လုပ်နိုင်ရေး၊ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးနှင့် ရောင်းအားမြှင့်တင်နိုင်ရေး၊ စက်များချွတ်ယွင်းမှုမရှိစေရေး၊ စက်များ တာရှည်အသုံးပြုနိုင်ရေးနှင့် စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်ရန် စသည်ဖြင့်ဆွေးနွေးပြောကြားကာ သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ဘောလုံးများ ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စက်ရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ရာ စက်ရုံမှူးက လက်ခံရယူသည်။

အဆိုပါ ဘောလုံးစက်ရုံသည် တစ်နှစ်လျှင် လူကြီးကန်ဘောလုံး ၇၄၀၀၀၊ ဘော်လီဘော ဘောလုံး ၆၂၀၀၀၊ လူငယ်ကန်ဘောလုံး ၁၅၂၀၀၀ စုစုပေါင်း ၂၈၈၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော် ဘီစကစ်နှင့် ခေါက်ဆွဲစက်ရုံ(မှော်ဘီ) သို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူး ဗိုလ်မှူး ကျော်ဖြိုးဝေ (အငြိမ်းစား) က စက်ရုံ၏ သမိုင်းအကျဉ်း၊ ဘီစကစ်နှင့် ခေါက်ဆွဲများ ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က စက်ရုံထုတ် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အနံ့အရသာ၊ ဆွဲဆောင်မှု စသည့် ပစ္စည်းအရည်အသွေးကောင်းမွန်ရေး၊ ဈေးကွက်ရရှိရေး၊ ထုပ်ပိုးကုန်များ စနစ်တကျနှင့် စားသုံးသူဆွဲဆောင်မှုရှိရေး၊ စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေးနှင့် စက်များ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျစစ်ဆေးပြုပြင်ထိန်းသိမ်း ကိုင်တွယ်ဆောင်ရွက်ရေး၊ တပ်မတော်သား မိသားစုများသာမက ပြင်ပဈေးကွက်ကိုပါ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော် (ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း မွေးမြူရေးခြံတွင် ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၈ သို့*

“အတိတ်သမိုင်းမှ တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များအပေါ် လက်တွေ့ကျသော အမြင်များထားရှိပြီး နားလည်မှု၊ ယုံကြည်မှုကိုယ်စီဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်သွားကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။”

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၂-၂-၂၀၂၁ ရက်နေ့တွင် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**



ပုဂံရှုခင်းအလှ ဓာတ်ပုံ - ဦးနေလင်း(ပြန်/ဆက်)

*စာမျက်နှာ ၇ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ဘီစကစ်များနှင့် ခေါက်ဆွဲများ ထုတ်လုပ်နေမှု အဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စက်ရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ရာ စက်ရုံမှူးက လက်ခံရယူသည်။

**တွေ့ဆုံနှုတ်ဆက်**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မှော်ဘီတပ်နယ်ရှိ နယ်မြေခံ တပ်ရင်း/ တပ်ဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်သည် ရဲမေလိုင်းခန်းများသို့သွားရောက်၍ ရဲမေ၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်ဘောလုံးစက်ရုံအတွင်း ဘောလုံးများ ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော် ဘီစကစ်နှင့် ခေါက်ဆွဲစက်ရုံ(မှော်ဘီ) အတွင်း ဘီစကစ်ထုတ်လုပ်မှု အဆင့်ဆင့်ကို လိုက်လံကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မှော်ဘီတပ်နယ်ရှိ နယ်မြေခံ တပ်ရင်း/ တပ်ဖွဲ့များမှ အိမ်ထောင်သည် ရဲမေ၊ မိသားစုများအား ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့်ဦးရွှေကြိမ်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ **ဗိုလ်လုပွဲ** ပွဲစဉ်အဖြစ် **ဘော်လီဘော (အမျိုးသမီး)** ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာန



အသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ **ဘော်လီဘော (အမျိုးသား)** ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ **နေရာအလိုက် အကောင်းဆုံးအမျိုးသမီးအားကစားသမားဆု** ရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း၊ **နေရာအလိုက် အကောင်းဆုံးအမျိုးသားအားကစားသမားဆု** ရရှိကြသူများကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြပြီး ဘော်လီဘောအမျိုးသမီးပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း၊ ဘော်လီဘောအမျိုးသားပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းကလည်းကောင်း ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဘော်လီဘောအမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀ နှင့် ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဘော်လီဘောအမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀ နှင့် ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲကို **ဒီဇင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ** ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ ဝန်ကြီးဌာနအသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၂၀ ၊ အမျိုးသမီးအသင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်းမြင့်မားလာစေရန်နှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဘော်လီဘောအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကျိုင် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး Mr. Harishchandra Ghimire နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကျိုင်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး Mr. Harishchandra Ghimire နှင့် အဖွဲ့ကို ယနေ့ မွန်းလွဲ ၂ နာရီ တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ - နီပေါ နှစ်နိုင်ငံအနေဖြင့် ယခင်ကတည်းက ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံ၍ အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ဖြင့် နှစ်နိုင်ငံဝင်ထွက်သွားလာမှု၊ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် နီပေါနိုင်ငံသားများနှင့် ပတ်သက်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့၏ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယ ဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ဗိုလ်မှူး ကြီး ဝဏ္ဏအောင်၊ NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ဖြစ်ကြသည့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) မှ နာယက ဖြားတန်ခွန် ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက် ရေးပါတီ (ALP) မှ ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ် စောစတီး၊ KNU/KNLA ငြိမ်းချမ်းရေး ကောင်စီမှဒုတိယဥက္ကဋ္ဌဒေါက်တာ နော်ကပေါ်ထူး၊ လားဟူဒီမိုကရက် တစ်အစည်းအရုံး (LDU) မှ ဒုတိယ ဥက္ကဋ္ဌ ကျာဖူးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များကိုယ်စား ပအိုဝ်း အမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) နာယက ဖြားတန်ခွန် ဥက္ကာ တို့က နှုတ်ခွန်းဆက်စကား များ ပြောကြားကြသည်။

ယင်းနောက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အစီ အစဉ်များကို နှစ်ဖက်အသေးစိတ် ညှိနှိုင်းခဲ့ကြပြီးနောက် အစီအစဉ် ၈ ရပ်ကို ညှိနှိုင်းသဘောတူ အတည်ပြုခဲ့ကြပြီး ပထမနေ့ ဆွေးနွေးပွဲကို ရပ်နားခဲ့ကြသည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ပြီး ဆွေးနွေးပွဲ၌ နှစ်ဖက်သဘောတူ အတည်ပြု ထားသည့် အစီအစဉ်များအတိုင်း ဆက်လက် ဆွေးနွေးညှိနှိုင်းသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၉) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) မြဝတီ ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မင်းမင်းစိုး နှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက် ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိ ကြီးများနှင့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်း ကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီးတို့သည် စင်မြင့် ထက်တွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦး ချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင် က အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းသည်။

ယနေ့ကျင်းပပြုလုပ်သည့် ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားတွင် ကျောင်းဆင်းဘွဲ့ရ အမျိုးသမီးဗိုလ်လောင်းများကို ဒုတိယဗိုလ်အဆင့် ဖြင့် ရာထူးခန့်အပ်ပေးခြင်းဖြစ်သည်။ ဘွဲ့ရအမျိုး သမီးအရာရှိ ဗိုလ်လောင်းသင်တန်းအား တပ်မတော် အတွက် အရည်အချင်းပြည့်ဝသည့် ဦးစီးအရာရှိ များ မွေးထုတ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ၌ ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြား ခဲ့ပြီး ယခုအခါဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းအမှတ် စဉ် (၉) အထိ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ် ကြောင်းနှင့် သင်တန်းဆင်းအမျိုးသမီးအရာရှိများ အနေဖြင့် သက်ဆိုင်ရာ (ကြည်း၊ ရေ၊ လေ)လက်ရုံး



တပ်ဖွဲ့များတွင် အသီးသီး တာဝန်ထမ်းဆောင်ကြ ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝေါမြို့တွင် လူဦးရေစာရင်း မှန်ကန်ရေး မြေပြင်ကွင်းဆင်းကောက်ယူနိုင်ရေး သင်တန်းဖွင့်

**ဝေါ ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လူဦးရေစာရင်း မှန်ကန်ရေး မြေပြင်ကွင်းဆင်းကောက်ယူနိုင်ရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ဝေါမြို့အခြေခံပညာအထက်တန်းကျောင်းရှိ ဇေယျာသီရိ




ခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းက အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းဇော်ဦးက လူဦးရေ စာရင်း မြေပြင်ကွင်းဆင်းကောက်ယူရေး လုပ်ငန်းနှင့်ပတ်သက်၍ မြေပြင် ကွင်းဆင်းကောက်ယူရေးလုပ်ငန်း လမ်းညွှန်ချက်များအား ရှင်းလင်း ပြောကြားသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း များမှ ဆရာ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေး များ ပါဝင်သော သင်တန်းသား ၂၁၈ ဦးအား သင်တန်းပို့ချပေးပြီး ဝေါမြို့နယ်အတွင်း လူဦးရေစာရင်း မှန်ကန်စေရေးအတွက် အိမ်ထောင်စု လူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းကို မြို့နယ် (Working Group) မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးကြီးကြပ်မှု ကော်မတီ၊ မြို့နယ်ကြီးကြပ်မှုကော်မတီ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကြီးကြပ်မှုကော်မတီမှ ဦးဆောင်၍ ရပ်ကွက်/ကျေးရွာအုပ်စု စာရင်း ကောက်အဖွဲ့များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

၅၆ မိုင် ၆ ဖာလုံကို မကွေးခရိုင် လမ်းဦးစီးဌာနမှ တာဝန်ယူအဆင့် မြှင့်တင်လျက်ရှိသည်။

"လမ်းက ကတ္တရာလမ်းအဖြစ် အသုံးပြုနိုင်ပြီးသား ဖြစ်ပါတယ်။ ပြည်သူတွေ ပိုမိုအဆင်ပြေလွယ်ကူစွာသွားနိုင်ဖို့ ၁၈ ပေ အကျယ်ရှိတဲ့ ကတ္တရာလမ်းကို ၂၄ ပေ အကျယ်ရှိတဲ့ ကတ္တရာလမ်းအဖြစ် အဆင့် မြှင့်တင်မှု ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကုန်တဲ့ အချိန်မှာ ၂၄ ပေ အကျယ်က ၁၀ မိုင် ၆ ဖာလုံရှိမှာ ဖြစ်ပါ တယ်။ ၁၈ ပေ အကျယ်က ၄၆ မိုင် ကျန်ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် မကွေးဘက်ခြမ်းမှာ လမ်းပိုင်းအဆင့်မြှင့်တင်မှုဟာ ရာခိုင်နှုန်းအား ဖြင့် ၁၉ ရာခိုင်နှုန်းပြီးစီးမှာဖြစ်ပါတယ်" ဟု မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးစံမင်းအောင် က ပြောကြားသည်။

ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရန်နှင့် ယာဉ် များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန်အတွက် လမ်းဦးစီးဌာန၏ ရည်ရွယ်ချက်၊ စီမံချက်နှင့်အညီ ရရှိသည့်ရန်ပုံငွေအပေါ် မူတည်ကာ ၂၄ ပေအကျယ်ချဲ့ရန် ကျန်ရှိနေသော ၁၈ ပေ အကျယ် ကတ္တရာလမ်း ၄၆ မိုင်ကို ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရှိရသည်။

**မင်းဟန်**

# အမျိုးသားဇာတ်ရုံ (ရန်ကုန်) လွှဲပြောင်း လက်ခံခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်) ကို တရုတ် ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကြီးစားမွမ်းမံ ပြင်ဆင်ပြီးမြောက်သဖြင့် လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမျိုးသားဇာတ်ရုံ (ရန်ကုန်) ၌ ကျင်းပသည်။




အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Mr. Chen Hai နှင့် သံရုံးဝန်ထမ်းများ၊ Beijing Construction Engineering Group Co.,Ltd မှ အင်ဂျင်နီယာများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Mr. Chen Hai နှင့် စီးပွားရေးသံမှူး Mr. Tan Shu Fu တို့က အမျိုးသားဇာတ်ရုံ (ရန်ကုန်) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အမျိုးသားဇာတ်ရုံ (ရန်ကုန်) ပြင်ဆင်မွမ်းမံမှု အဆင့်ဆင့် မှတ်တမ်း Video Clip ကို ပြသပြီး သံအမတ်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးထံ သံအမတ်ကြီးက အမျိုးသားဇာတ်ရုံ (ရန်ကုန်) ပြင်ဆင်ပြီးစီးမှုဆိုင်ရာ အထောက်အထားများကို လွှဲပြောင်းပေးအပ်ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မကြာမီအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေး အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကျင်းပသည့် အမျိုးသားဇာတ်ရုံ (ရန်ကုန်) လွှဲပြောင်းလက်ခံခြင်း အခမ်းအနားသည် စိန်ရတု လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုရာရောက်သည့် အခမ်းအနားဖြစ်သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အမျိုးသားဇာတ်ရုံ(ရန်ကုန်) ပြင်ဆင်မွမ်းမံထားရှိမှုကို လှည့်လည်ကြည့်ရှုကြသည်။

အမျိုးသားဇာတ်ရုံ (ရန်ကုန်) အကြီးစား ပြင်ဆင်မှုအတွက် လုပ်ငန်းတန်ဖိုး RMB၁၇၃၀၀၀၀၀၀ (ယွမ်တစ်ရာခုနစ်ဆယ့်သုံးသန်းတိတိ) ကုန်ကျခဲ့ကာ အသစ်တည်ဆောက်ပေးသကဲ့သို့ ခေတ်မီဇာတ်ရုံအင်္ဂါရပ်များ ပြည့်စုံစွာ ထည့်သွင်းပေးထားပြီး အမျိုးသားဇာတ်ရုံရှိ ဝန်ထမ်းများကို လိုအပ်သော သင်တန်းများ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ဒုက္ခရောက်နေသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်နိုင်ရေးနှင့် တရားမဝင်သွားရောက် လုပ်ကိုင်မှုများအား ကာကွယ်တားဆီးနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၇

**ပြည်ပနိုင်ငံများတွင် ဒုက္ခရောက်နေသူများအား ကူညီကယ်ဆယ်ပေးရန်နှင့် မြန်မာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ခေါ်ဆောင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန် ယနေ့ကျင်းပသည့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ဒုက္ခရောက်နေသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်နိုင်ရေးနှင့် တရားမဝင်သွားရောက်လုပ်ကိုင်မှုများအား ကာကွယ်တားဆီးနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြောကြားသည်။**



ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အမှန်တကယ် ဒုက္ခရောက်နေသူများကို ခေါ်ဆောင်နိုင်မည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များ၊ ကုန်ကျစရိတ်များ စသည်တို့ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်၍ ကူညီပေးသွားစေလိုကြောင်း၊ မြန်မာနိုင်ငံသားများကို မိခင်နိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးနှင့် တရားမဝင်သွားရောက် လုပ်ကိုင်မှုများ လျော့နည်းပပျောက်စေရေးနှင့် ကာကွယ်တားဆီးနိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် လိုအပ်သည့်လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆွေးနွေးပေးရန် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာအလုပ်သမားများသည် ယူအေအီးနိုင်ငံ၊ အိုမန်နိုင်ငံ၊ ဂျော်ဒန်နိုင်ငံ၊ ကာတာနိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံ စသည့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ အိမ်အကူလုပ်ငန်းနှင့် အခြားအထွေထွေလုပ်သားများအဖြစ် တရားမဝင်သွားရောက် လုပ်ကိုင်လျက်ရှိရာ အချို့သူများသည် အကြောင်းအမျိုးမျိုးဖြင့် လူမှုဒုက္ခများ ကြုံတွေ့လျက်ရှိနေကြောင်း၊

ဝန်ကြီးဌာနအနေဖြင့် တရားဝင်ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရ အေဂျင်စီများမှ တစ်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ပြည်ပနိုင်ငံများသို့ စေလွှတ်ခွင့်ပြုပေးလျက်ရှိသဖြင့် တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နိုင်ရေး အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ တိုင်ကြားမှုများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် စစ်ဆေးရေးအဖွဲ့များဖြင့် ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဥပဒေချိုးဖောက်သူများကို ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

**ကူညီဆောင်ရွက်ပေးလျက်ရှိ**

အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ဒုက္ခရောက်နေသူများနှင့်ပတ်သက်၍ လတ်တလောတွင် ဝန်ကြီးဌာနသို့ ဆက်သွယ်အကူအညီ တောင်းခံခဲ့သည့် အမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တရားမဝင်သွားရောက်လုပ်ကိုင်ခြင်းများကို ကာကွယ်တားဆီးရာတွင် အသိပညာပေးခြင်း၊ အများပြည်သူသိရှိစေရေး အသိပေးကြေညာပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်ထွက်ပေါက်များတွင် အလည်ဗီဇာဖြင့် သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို စနစ်တကျ သေချာစွာ စိစစ်ကြပ်မတ်၍ ၎င်းတို့ကို အသေးစိတ်မေးမြန်းပြီး တရားမဝင်ပို့ဆောင်သူများကို ဖော်ထုတ်ဖမ်းဆီး အရေးယူသွားနိုင်ရေး ဆောင်ရွက်သင့်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဝန်ကြီးဌာနရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနအနေဖြင့် “မြစ်နှင့် ပင်လယ်အတွင်း မုန်တိုင်းဒဏ်ကြောင့်သော်လည်းကောင်း၊ အခြား ဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပနယ်မြေ ရပ်ခြားများသို့ ရောက်ရှိသွားကြသည့် ဒုက္ခသည်များအား ကူညီထောက်ပံ့ခြင်း”ဆိုသည့် လုပ်ငန်းတာဝန်နှင့်စပ်လျဉ်း၍ ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်၍ လူကုန်ကူးခံရသူများနှင့် ရွှေ့ပြောင်းလုပ်သားများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်ငန်းတာဝန်အဖြစ် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ရပ်တည်ရန်ခက်ခဲပြီး လူကုန်ကူးခံရနိုင်သည့် အခြေအနေတွင်ရှိသော မြန်မာရွှေ့ပြောင်း အလုပ်သမားများအား ပြန်လည်လွှဲပြောင်း လက်ခံပြီးနောက် ယာယီလက်ခံစောင့်ရှောက်နိုင်ရန် ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများကို မူဆယ်၊ မန္တလေး၊ မြဝတီ၊ ကော့သောင်းနှင့် ရန်ကုန်မြို့တို့တွင် ဖွင့်လှစ်၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများတွင် အခက်အခဲများကြုံတွေ့နေရသော မြန်မာနိုင်ငံသားနှင့်စပ်လျဉ်း၍ Social Media တွင် ဒုဘိုင်းနိုင်ငံမှ live လွှင့် အကူအညီတောင်းခံခဲ့သည့် လူကုန်ကူးခံရသူ အမျိုးသမီး ခုနစ်ဦးကို ကူညီထောက်ပံ့ဆောင်ရွက်ပေးခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဖြူးမြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲကျင်းပ

**ဖြူး ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူ သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက စည်ပင်သာယာရေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူး ဇော်မျိုးနောင်က သင်တန်းပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲသို့ မြို့နယ်အဆင့် ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား/ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါ သင်တန်း၌ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများ၊ ရာအိမ်မှူးများ၊ ဆရာ ဆရာမများ စုစုပေါင်း သင်တန်း သား/ သင်တန်းသူ ၃၀၀ တက်ရောက်မည်ဖြစ်ပြီး ဖြူးမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမတွင် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးဆိုင်ရာများအား ပို့ချပေးမည်ဖြစ်ရာ သင်တန်းကာလမှာ ဒီဇင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ချီတက်ဂုဏ်ပြုမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ရေးပြအဖွဲ့အား တွေ့ဆုံပြီး ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ချီတက်ဂုဏ်ပြုမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ရေးပြအဖွဲ့အား တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၅) စုဝေးဆောင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်သည်။

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ ကြုံတောင့်ကြုံခဲ စိန်ရတုအခမ်းအနားဖြစ်သည့် (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် မိမိဝန်ကြီးဌာနကို ကိုယ်စားပြု၍ ပါဝင်ချီတက် ဂုဏ်ပြုကြရမည်ဖြစ်၍ လေ့ကျင့်ထားကြသည့်အတိုင်း စနစ်တကျ သပ်ရပ်လှပစွာ ပွဲဝင်နိုင်ရေးအတွက် စုစည်းညီညွတ်စွာ ကြိုးပမ်းသွားကြရန်နှင့် လိုအပ်ချက်များရှိပါက အချိန်မီတင်ပြကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ချီတက်ဂုဏ်ပြုမည့် ဝန်ကြီးဌာန စစ်ရေးပြအဖွဲ့ဝင်များ အားလုံး ကျန်းမာပျော်ရွှင်စွာဖြင့် အခမ်းအနားတစ်ခုလုံး အဆင်ပြေအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ချီတက်ဂုဏ်ပြုမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ရေးပြအဖွဲ့ကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်ရာ စစ်ရေးပြအဖွဲ့ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။ **(ယာပုံ)**




(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဝန်ကြီးဌာန ကိုယ်စားပြု စစ်ရေးပြအဖွဲ့က ချီတက်ဂုဏ်ပြုသွားမည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံတော်၏ စားနပ်ရိက္ခာ ဖူလုံပို့လျှံရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု သရုပ်ဖော်ဂုဏ်ပြုယာဉ်များဖြင့် တခမ်းတနား ချီတက်ဂုဏ်ပြုသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရီးသွားလုပ်ငန်း သုတေသနစင်တာလက်စွဲစာအုပ် မိတ်ဆက်ထုတ်ဝေခြင်းနှင့် လက်စွဲစာအုပ်ပါ သုတေသနနည်းလမ်းများ အသုံးပြုနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**



ခရီးသွားလုပ်ငန်း သုတေသနစင်တာလက်စွဲစာအုပ် မိတ်ဆက်ထုတ်ဝေခြင်းနှင့် သုတေသန နည်းလမ်းများအသုံးချခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ယင်းစီမံကိန်းကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၁) ခေါင်းစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာတွင် နေပြည်တော်၌ ကျင်းပခဲ့သော (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးမှ စတင်ပေါ်ပေါက်လာခဲ့ပြီး ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဆန်းယမြို့၌ ကျင်းပခဲ့သော ပထမအကြိမ် မဲခေါင်-လန်ချန်း နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၌ တရားဝင်စတင်ထူထောင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သော ဒုတိယအကြိမ်လန်ချန်း-မဲခေါင် ထိပ်သီးအစည်းအဝေး (၅) နှစ်တာ လုပ်ငန်းအစီအစဉ်အရ ခရီးသွားလုပ်ငန်းအပါအဝင် ကဏ္ဍ ၁၀ ခု သတ်မှတ်ခဲ့ကြောင်း။

မြန်မာနိုင်ငံအနေနှင့် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေကို ၂၀၁၇ ခုနှစ်တွင် စတင်ရရှိခဲ့ပြီး အကောင်အထည်ဖော်သော စီမံကိန်းပေါင်း ၉၂ ခုရှိကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင်လည်း အထူးရန်ပုံငွေ ၂၀၂၁ ဖြင့် ခရီးသွားလုပ်ငန်း သုတေသနစင်တာ စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းသည် မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းအတွက် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ခရီးသွားလုပ်ငန်းဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားကို အချက်အလက်များနှင့် ကိန်းဂဏန်းများဖြင့်ဖော်ထုတ်ရန်၊ ခရီးသွားလုပ်ငန်း ထုတ်ကုန်အသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစီအစဉ်များနှင့် မဟာဗျူဟာများ ချမှတ်နိုင်ရန်၊ ခရီးသွားဈေးကွက်ရှာဖွေနိုင်ရေး စဉ်ဆက်မပြတ်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် နှစ်အလိုက် စီမံချက်များကို ပံ့ပိုးကူညီရန် ရည်ရွယ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ယင်းစီမံကိန်းမှ ထွက်ပေါ်လာမည့် အကျိုးရလဒ်များကို ခရီးသွားလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသူများသာမက ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရေး အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထုများအတွက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းတွင် ဒေသခံတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆင့်ပွားအကျိုးသက်ရောက်မှုရှိသော လုပ်ငန်းဖြစ်သည့်အတွက် ကိန်းဂဏန်းနှင့် အချက်အလက်များ တိကျခိုင်မာမှုရှိမှသာ ရေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာ၌ ထိရောက်သော အစီအမံများ ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အတွက် ယခုသုတေသနလက်စွဲစာအုပ်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားပြုစုပြီး ထုတ်ဝေသွားရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နောက်ဆက်တွဲ လုပ်ငန်းစဉ်တစ်ခုအဖြစ် သုတေသနနည်းလမ်းများအပေါ် အသုံးပြုနည်းသင်တန်းကိုလည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနေရာသုံးနေရာ၌ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား ကျောင်းသူများဖြင့် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူများအနေဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ကြိုးစားသင်ယူကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သုတေသန ပညာရှင်အဖွဲ့ခေါင်းဆောင် ဦးအောင်မင်းက ခရီးသွားလုပ်ငန်း သုတေသနစင်တာလက်စွဲစာအုပ်ကို ပြည်ထောင်စုဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်ပြီး **(ဝဲပုံ)** လက်စွဲစာအုပ်ပါ အကြောင်းအရာများနှင့် သင်တန်းဖွင့်လှစ်ပို့ချခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများကို သုတေသနလက်စွဲစာအုပ်များ မိတ်ဆက်လက်ဆောင်ပေးအပ်သည်။

၂၀၁၈ ခုနှစ် မဲခေါင်-လန်ချန်း ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေး၏ ဆန်းယ ကြေညာချက်မှ အစပြု၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ ပေါ်ပေါက်လာချိန်တွင် မြန်မာနိုင်ငံအတွက် ထိရောက်သော ကူညီထောက်ပံ့မှုများကို တရုတ်နိုင်ငံမှ ပံ့ပိုးပေးလျက်ရှိရာ မဲခေါင်-လန်ချန်းအထူးရန်ပုံငွေ၏ စီမံကိန်းများအနက် တစ်ခုဖြစ်သော ခရီးသွားလုပ်ငန်း သုတေသနစင်တာ ထူထောင်ရေးအစီအစဉ်အရ စီမံကိန်းရည်မှန်းချက်များနှင့်အညီ ခရီးသွားလုပ်ငန်း သုတေသနစင်တာ လက်စွဲစာအုပ် မိတ်ဆက်ထုတ်ဝေခြင်းနှင့် သုတေသန နည်းလမ်းများအသုံးချခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကြို့ပင်ကောက်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး သင်တန်းဖွင့်

**ကြို့ပင်ကောက် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တွင် မှန်ကန်သော လူဦးရေစာရင်း ကောက်ယူနိုင်ရေးအတွက် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး လုပ်ငန်းဆောင်ရွက်မည့် စာရင်းကောက်အဖွဲ့ဝင်များအား သင်တန်းပို့ချပေးခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေးက အမှာစကားပြောကြားပြီး ခရိုင်အဆင့်နည်းပြသင်တန်းသို့ သွားရောက်သင်ယူခဲ့ကြသော ဌာနဆိုင်ရာဝန်ထမ်းများက မြို့နယ်အဆင့်သင်တန်းသားများကို သင်တန်းစတင်ဖွင့်လှစ်ပို့ချပေးသည်။

အဆိုပါ သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အ.ထ.က (ပန်းတင်)ကျောင်းတို့တွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းသင်တန်းသားများ ၄၈ ဦးစီအား နှစ်နေရာခွဲ၍ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သင်တန်းပြီးဆုံးသွားပါက ဇန်နဝါရီ ၉ ရက်မှစ၍ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် စိတ်ပါဝင်စားသည့်ပြည်သူများ လာရောက်လေ့လာဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၂၇

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန –၂၌ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များနှင့် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ကဏ္ဍအလိုက် ပါဝင်ဆင်နွှဲမည့်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်လေ့လာကြည့်ရှုကြသည်။**

ယနေ့တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆန်းသစ်တီထွင်မှု ပြခန်းပြကွက်များဖြစ်သော လေကြောင်းမီးထောက်လှမ်းရေးစနစ် ပြကွက်၊ ကျန်းမာရေးအတွက် အားကစားနည်းများကို အဖွဲ့လိုက်နှင့် တစ်ဦးချင်း တစ်နေရာတည်းတွင် ဆောင်ရွက်နိုင်သော Indoor Gymnasium ပြကွက်၊ လယ်သမားများအတွက် တီထွင်ထားသော ကောက်ပဲသီးနှံများ၏ အခြေအနေကို နေအိမ်မှ Smartphone (သို့) Laptop မှ တစ်ဆင့် စစ်ဆေးနိုင်သည့် နည်းပညာပြကွက်၊ ပစ္စည်းများ ရွှေ့ပြောင်းပေးခြင်း၊ အရောင်များကို ခွဲခြားပေးနိုင်သည့် ဉာဏ်ရည်တုနည်းပညာသုံး စက်ရုပ်ပြကွက်နှင့် အပင်များကို မြေအသုံးမပြုဘဲ(မြေမဲ့) အာဟာရဖျော်ရည်ဖြင့် စိုက်ပျိုးခြင်း ပြကွက်များတွင် လူငယ်နှင့် ကျောင်းသား ကျောင်းသူများသာမက ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများပါ စိတ်ဝင်စားစွာဖြင့် လာရောက် လေ့လာကြည့်ရှုကြသည်။

ထို့ပြင် လူနေမှုဘဝ တိုးတက်မြင့်မားစေရန် ဒစ်ဂျစ်တယ်မြို့တော်တီထွင်ဖန်တီးမှုပြကွက်၊ လူနှင့်တိရစ္ဆာန်များအား Sensors များဖြင့် အပြန်အလှန်ဆက်သွယ်နိုင်သော နည်းပညာပြကွက်၊ တက်စလာကွိုင်ဖြင့် ကြိုးမဲ့ဓာတ်အားပို့ခြင်းပြကွက်၊ ရေနံချက်စက်ရုံပြကွက်၊ IT နည်းပညာကို အသုံးပြု၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးသမားများကို စိုက်ပျိုးရေးနှင့် မွေးမြူရေး သတင်းအချက်အလက်များ ပေးပို့သည့် Ayeyar Farming Solution ပြကွက်၊ Network များ ချိတ်ဆက်ဆောင်ရွက်ပုံ ပြကွက်၊ အလိုအလျောက် အရောင်ရောစပ်ခြင်းနှင့် ဖြည့်သွင်းပေးသည့် စက်ပြကွက်၊ ရေနံချက်စက်ရုံနှင့်စွမ်းအင်ပြောင်းလဲခြင်းပြကွက်၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်ပြကွက်၊ လုံခြုံသည့် လူနေအိမ်တစ်ခု ဖန်တီးနိုင်ရန် Smart Home နည်းပညာပြကွက်များ၌လည်း ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြပွဲသို့ စိတ်ပါဝင်စားစွာဖြင့် လာရောက် လေ့လာကြသည့် ပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

စာအုပ်စာပေ ဖတ်ရှုရန် စိတ်အား ထက်သန်ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များ အတွက်လည်း ပြန်ကြားရေး ဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနတို့မှ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ထားပြီး စာပေဆုရစာအုပ်များ၊ ရသစာအုပ်များ၊ ဘဝအောင်မြင်ရေးစာအုပ်များ၊ ကျန်းမာရေး ကဏ္ဍစာအုပ်များ၊ ပညာရပ်ဆိုင်ရာ စာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အနုပညာစာအုပ်များ၊ ဆောင်းပါးများ၊ ရုပ်ပြစာအုပ်များ၊ စီးပွားရေးစီမံခန့်ခွဲမှု စာအုပ်များ နှင့် သမိုင်းစာအုပ်များ ခင်းကျင်း ပြသရောင်းချလျက်ရှိရာ စာပေ ဗဟုသုတများနှင့် စာပေအသိဉာဏ်များစွာ ရရှိစေသည့်အတွက် စာပေချစ်သူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့အသိပညာဗဟုသုတရရှိစေမည့် အစီအစဉ်ကောင်းများအပြင် စိတ်ပျော်ရွှင်ချမ်းမြေ့စေပြီး နိုင်ငံ၏ ဘာသာ၊ သာသနာနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ကို သိရှိစေနိုင်မည့် အထူးဖျော်ဖြေရေးအစီအစဉ်များအဖြစ် ကြီးမြတ်သောမြန်မာ၊ သူ့ကျွန်မခံပြီနှင့် ဘေရုပ်ရှင်ကားများကိုလည်း အနုပညာဆိုင်ရာ အစီအစဉ်တစ်ခုအဖြစ် နေ့ရက်အလိုက် ပြသဖျော်ဖြေမှုများ၊ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ ချစ်စဖွယ် တိုင်းရင်းသားရိုးရာ ကကွက်များကြောင့်လည်း ပြပွဲကြီးကို ပိုမိုအသက်ဝင်စေခဲ့ကာ ပြပွဲ လာရောက်ကြသူများကလည်း စိတ်အားထက်သန်စွာ ကြည့်ရှုအားပေးကြသည်။

ထို့ပြင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး 3D ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သော ကြီးမြတ်သော မြန်မာ မှတ်တမ်းရသရုပ်ရှင် ဇာတ်ကားကြီး အောင်မြင်စွာ ရိုက်ကူးနိုင်ရန်အတွက် အသုံးပြုခဲ့သည့် ရိုက်ကူးရေးသုံးနည်းပညာ ပစ္စည်းများ၊ ရိုက်ကွင်းကြိုတင် ပြင်ဆင်မှုများ၊ ရိုက်ကွင်းပုံရိပ်များကို ပြည်သူများ သိရှိနိုင်စေရန် ပြသထားပြီး သိရှိလိုသည်များကို လည်း အနုပညာရှင်များက လိုက်လံရှင်းလင်း ပြသပေးကြသည်။




ဧရာဝတီတိုင်းဒေသကြီး ဒေသထွက်ကုန် အရောင်းပြခန်း၌ ပုသိမ်ထီး လက်တွေ့ပြုလုပ်ပုံအဆင့်ဆင့်ကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။




သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနပြခန်း၌ ခင်းကျင်းပြသထားသည်များကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကလည်း စိတ်ဝင်စားဖွယ် အစီအစဉ်တစ်ခုအဖြစ် ပြည်သူများ တီဗွီဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့် ပုံစံများကို ပြပွဲသို့ လာရောက် လေ့လာကြသူများ ကိုယ်တိုင်ဝင်ရောက် သတင်းကြေညာဟန် သရုပ်ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် လူကြိုက်များသည့် ပြခန်းတစ်ခုလည်းဖြစ်ခဲ့သည်။

သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းအနေဖြင့်လည်းပြည်တွင်းနှင့် နိုင်ငံတကာရှိ သတင်းထူး၊ သတင်းဦးများကို ဖော်ပြပေးနေသည့် နေ့စဉ်ထုတ်သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို www.mdn.gov.mm website နှင့် Mobile Application မှ အချိန်မရွေး အခမဲ့ဖတ်ရှုနိုင်ကြောင်းကို ပြခန်းဖွင့်လှစ်၍ ပြပွဲလာသူများ သိရှိနိုင်စေရန် အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်း ဒေသကြီး ဒေသထွက်ကုန် အစားအစာနှင့် အမှတ်တရပစ္စည်း အရောင်းပြခန်း၌လည်း ပုသိမ်ထီး လက်တွေ့ပြုလုပ်ပုံအဆင့်ဆင့်ကို လက်မှုပညာရပ် တစ်ခုအနေဖြင့် ပြသပြီး ဒေသထွက်အစားအစာများဖြစ်သော ပုသိမ်ဟလဝါ၊ ခြံထွက်နွားနို့၊ ဒိန်ချဉ်၊ ငှက်ပျောကြော်နှင့် ပုသိမ်ထီးများကိုလည်း ရောင်းချခဲ့ရာ လာရောက်အားပေး ဝယ်ယူသူများဖြင့်လည်း စည်ကားခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအနေဖြင့်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာစေရေးအတွက် ဆောင်ရွက်လျက်ရှိသော အခြေအနေများကို မှတ်တမ်းမှတ်ရာများဖြင့် ပြည်သူများ သိရှိစေရန် ခင်းကျင်းပြသလျက်ရှိရာ စိတ်ဝင်တစားဖြင့် လာရောက်လေ့လာကြသည်။

အဆိုပါ ပွဲတော်ကြီးသို့ လာရောက် လေ့လာဆင်နွှဲကြသည့် လူငယ်များနှင့် ကလေးငယ်များ ပျော်ရွှင်စေရန်အတွက်လည်း ဝန်ကြီးဌာန အသီးသီးအလိုက် စိတ်ဝင်စားဖွယ်ရာ ကစားနည်းများနှင့် ပဟေဠိကစားနည်းများကို အသိပညာပေးနည်းလမ်းများ တွဲဖက်၍ ကစားစေသည့်အစီအစဉ်များကိုလည်း ထည့်သွင်းထားရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်အားထက်သန်စွာ ဝင်ရောက်ဆော့ကစား၍ ကစားနည်းအလိုက် အနိုင်ရရှိသူများကိုလည်း ဆုများပြန်လည်ချီးမြှင့်ပေးခဲ့ရာ ပျော်ရွှင်စရာ အစီအစဉ်ကောင်းတစ်ခု အဖြစ် မြင်တွေ့ရသည်။

ထို့ပြင် “မူးယစ်ဆေးဝါးကင်းစင်ဖို့ အသိပညာဖြန့်ဝေစို့” ဆောင်ပုဒ်ဖြင့် နေပြည်တော် ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ကို အသိပညာပေးပြသထားပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းဖော်ထုတ်နိုင်မှုများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စွမ်းရည်တိုးတက်မြင့်မားရေးဆောင်ရွက်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ကာတွန်းပုံများ၊ လောင်းကစား ပြစ်မှုပြစ်ဒဏ်များ၊ သိသင့်သိထိုက်သော ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူး ပြစ်မှုပြစ်ဒဏ်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာဖြင့် လေ့လာကြသည်။

ပြပွဲအတွင်း၌လည်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲနှင့် ၂၀ ရာစု စာရေးဆရာများ၏ ဓာတ်ပုံများကိုလည်း ခင်းကျင်း ပြသထားလျက်ရှိရာ ဓာတ်ပုံ ချစ်မြတ်နိုးကြသည့် ပညာရှင်များနှင့် ဝါသနာရှင်များကလည်း စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြပွဲအားကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ် ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ ရုပ်ရှင်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီ လက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှ တစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ် ကျေးလက်ဒေသအလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်များအပေါ်မြတ်နိုး တန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများ ခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာန အသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းလည်း သိရသည်။

ထို့ကြောင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များ သိသင့်သိထိုက်သည့် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စာပေနှင့် အနုပညာဆိုင်ရာ အကြောင်းအရာများကို ဦးစားပေး ကဏ္ဍတစ်ရပ်အဖြစ် ပြသမည့် လူငယ်နှင့် စာပေအနုပညာပြပွဲကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားမည် ဖြစ်သောကြောင့် လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်း – မျိုးဆက်သစ်**
**ဓာတ်ပုံ – ကိုထိန်၊ ကိုအေးသန်း**

# အသိပညာဗဟုသုတမျိုးစုံ တစ်စုတစ်စည်းတည်းလေ့လာနိုင်မည့် လူငယ်နှင့်စာပေအနုပညာပြပွဲသို့ လာရောက်လေ့လာကြသူများ၏ ရင်တွင်းခံစားစကားသံများ

■ *တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်၊ ဓာတ်ပုံ - ကိုအေးသန်း*



ကိုဝင်းဆန်း



မောင်ဇော်လျှံဖြိုး



မထူးချွန်ထက်မြတ်စိုး



မမိုးမမကျော်



မလျှက်တွယ်တာ



မနှင်းဖူးအိမ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

လူငယ်နှင့် စာပေအနုပညာပြပွဲကို ဒီဇင်ဘာ ၂၆ ရက်မှစတင်၍ နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပလျက်ရှိသည်။

အဆိုပါ ပွဲတော်ကြီးတွင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စာပေဆိုင်ရာ အကြောင်းအရာများ၊ အနုပညာရပ်ဆိုင်ရာ အကြောင်းအရာများ ပါဝင်သည့် ပြခန်းပေါင်း ၆၀ ကျော် ပါဝင်ပြသထားပြီး နိုင်ငံ၏ ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို သိရှိနိုင်စေမည့် ရုပ်ရှင်ဇာတ်ကားကောင်းများကိုလည်း ထည့်သွင်းပြသလျက်ရှိရာ စိတ်ပါဝင်စားစွာဖြင့် စိတ်အားထက်သန်စွာ လာရောက်လေ့လာကြသည့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများနှင့် တွေ့ဆုံ၍ ရင်တွင်းခံစားချက်များကို အများပြည်သူ သိရှိနိုင်စေရန် ရေးသားဖော်ပြလိုက်ရပါသည်။

**ကိုဝင်းဆန်း**
**(ပုသိမ်ထီးဆေးရောင်ခြယ်သူ)**

ဒီလိုပြပွဲကြီးမှာ တစ်ဖက်တစ်လမ်းက ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရဲ့ လက်မှုပညာရပ်တစ်ခုဖြစ်တဲ့ ပုသိမ်ထီးကို ပြပွဲလာရောက်တဲ့ သူတွေရှေ့မှာ လက်တွေ့ဆေးရောင်ခြယ်ပြမှာဖြစ်ပါတယ်။ ပုသိမ်ထီးတစ်လက်ရရှိဖို့ အရိုးတံကို အချောသပ်၊ ပိတ်စကပ်ပြီးရင်တော့ ထီးတစ်လက်ရရှိပါပြီ။ အဲဒီထီးပေါ်မှာ ကျွန်တော်က ပန်းပွင့်ပုံ၊ ပန်းချီပုံလေးတွေ ဆွဲပါတယ်။ ဆွဲတဲ့ ပန်းချီစုတ်တံလေးတွေကလည်း မတူပါဘူး။ ကျွန်တော့်အသက် ၁၀ နှစ်သားလောက်ကတည်းကစပြီး ဒီပန်းချီကိုဆွဲခဲ့တာဖြစ်ပါတယ်။ ဒီအလုပ်က ကျွန်တော့်ရဲ့ အသက်မွေးဝမ်းကျောင်း အလုပ် ဖြစ်ပါတယ်။ ပုသိမ်ထီးတွေမှာ အလှဆောင်းထီး၊ ရဟန်းဆောင်းထီး၊ သီလရှင်ဆောင်းထီးဆိုပြီး ရှိပါတယ်။ အခုနောက်ပိုင်းမှာတော့ ဆိုင်ခန်းတွေမှာ အလှဆင်တာလည်း ရှိပါတယ်။ ရှင်ပြုမင်္ဂလာပွဲတွေမှာလည်း အသုံးပြုကြပါတယ်။

ဒီလိုပြပွဲကို လာရောက်ခွင့်ရတဲ့အတွက် ကြည်နူးဝမ်းသာမိပါတယ်။ ဒီပုသိမ်ထီး ဆေးရောင်ခြယ်လုပ်ငန်းကို ကျွန်တော် အသက်ရှိနေသရွေ့ လုပ်သွားမှာပါ။ တပည့်လေးတွေကိုလည်း လက်ဆင့်ကမ်း ပညာကုန် သင်ကြားပေးပါတယ်။ ကျွန်တော့် တပည့်လေးတွေကိုလည်း နောင်အနာဂတ် ကလေးတွေကို ဆက်လက်ပြီး လက်ဆင့်ကမ်းပါလို့ မှာကြားဖြစ်ပါတယ်။ ဒီပညာကို သင်ကြားခွင့်ရခဲ့တဲ့အတွက် ဂုဏ်ယူမိသလို သင်ကြားပေးခဲ့တဲ့ ဆရာကိုလည်း အမြဲတမ်း ကျေးဇူးတင်ပါတယ်။ အခု ဒီလိုခမ်းနားတဲ့ ပွဲကို တက်ရောက်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာကြည်နူးဖြစ်မိပါတယ်။

**မောင်ဇော်လျှံဖြိုး (ကျောင်းသား၊ အထက -၅၊ နေပြည်တော်)**

လူငယ်နဲ့ စာပေအနုပညာပြပွဲမှာ ကျွန်တော့်အနေနဲ့ ဖျော်ဖြေရေး ကဏ္ဍကနေ ပါဝင်ဆင်နွှဲသွားမှာဖြစ်ပါတယ်၊ ပြခန်းတွေမှာလည်း အင်ဂျင်နီယာပိုင်းနဲ့ သက်ဆိုင်တာတွေ ပါဝင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အင်ဂျင်နီယာ (မြို့ပြ)ပိုင်းကိုစိတ်ဝင်စားလို့ ပိုပြီးလေ့လာဖြစ်ပါတယ်။ နောက်ပြီး ရေကြောင်း၊ လေကြောင်းနဲ့ ကုန်းလမ်းပို့ဆောင်ရေးနဲ့ ပတ်သက်တဲ့ ကဏ္ဍတွေကိုလည်း လေ့လာဖြစ်ပါတယ်။ ဒီလိုပြပွဲတွေ ကျင်းပပေးတဲ့အတွက် အနာဂတ်လူငယ်တွေအတွက် ကောင်းကျိုးများစွာ ရရှိစေပါတယ်။ လက်တွေ့ဆောင်ရွက်နေတဲ့ လုပ်ငန်းအကြောင်းအရာတွေကို ထုတ်ဖော်ပြသပေးတဲ့အတွက် အကျိုးရှိပါတယ်၊ ဒီလိုပွဲမျိုးက ရှားရှားပါးပါး ကြုံတောင့်ကြုံခဲ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲလည်း ဖြစ်တဲ့အတွက် လာရောက်လေ့လာဖို့ ဖိတ်ခေါ်လိုပါတယ်။

**မငွေဇင်သွန်း (ကျောင်းသူ၊ အထက-၂၂၊ နေပြည်တော်)**

သမီးတို့က (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြု အခမ်းအနားမှာ စာလုံးသရုပ်ဖော် ကဏ္ဍကနေ ပါဝင်မှာဖြစ်ပါတယ်။ ဒီနေ့လို စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြပွဲ ပြုလုပ်ပေးတဲ့အတွက် ဗဟုသုတများစွာလည်း ရရှိပါတယ်။ ဒီပြပွဲကိုရောက်တော့ မမြင်ဖူးတာတွေလည်း မြင်ရတယ်၊ လွတ်လပ်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့သူတွေရဲ့ အကြောင်းတွေကို စာတွေပုံတွေနဲ့ ပြသထားတာတွေကိုလည်း တွေ့ခဲ့ရပါတယ်။ နောက်ပြီး ဂိမ်းတွေလည်း ဆော့ကစားဖို့ စီစဉ်ပေးထားတဲ့အတွက်လည်း အလွန်ပျော်ရွှင်ရတယ်။ ဖြစ်နိုင်ရင် နောက်တစ်ခေါက် ထပ်ပြီးလာချင်ပါတယ်။ ဒီပွဲကို ကျင်းပပေးတဲ့ သူများအားလုံးကို ကျန်းမာပါစေ ချမ်းသာပါစေလို့ သမီးက ဆုတောင်းပေးပါတယ်။

**ဦးထွန်းအေးခိုင် (စက်ရုံမှူး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

ကျွန်တော်တို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ ရေဒီယို၊ Television ၊ virtual ပြခန်း၊ MRTV HD News Studio နဲ့ Online မှာ ပြသခဲ့တဲ့ သမိုင်းမှတ်တိုင်တွေကို ခင်းကျင်းပြသထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ထုတ်လွှင့်ခဲ့တဲ့ သမိုင်းမှတ်တိုင်တွေ၊ လက်ရှိ မြန်မာ့အသံက ပြသနေတဲ့ HD News Studioနဲ့ virtual Studio တွေကို လူငယ်တွေ မျက်ဝါးထင်ထင် မြင်တွေ့သွားအောင် ပြသခြင်းဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ ကျွန်တော်တို့ MRTV ရဲ့ သတင်းထုတ်လွှင့်တင်ဆက်နေမှုတွေ၊ ရေဒီယို တင်ဆက် ထုတ်လွှင့်ပေးနေမှုတွေ၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ရေဒီယို၊ ရုပ်မြင်သံကြားလိုင်းတွေ လွှမ်းခြုံနေမှုတွေကို ကြည့်ရှုလေ့လာနိုင်ပါတယ်။ လူငယ်တွေအတွက် အတွေ့အကြုံဗဟုသုတတွေ ရရှိတဲ့အပြင် လက်ရှိဝန်ကြီးဌာနတွေမှာ လုပ်ငန်းတွေ ဘယ်လိုဆောင်ရွက်နေတယ် ဆိုတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။

**ဦးဘုန်းဆက်ပိုင် (မြန်မာအမျိုးသား လေကြောင်းလိုင်း)**

ကျွန်တော်တို့ မြန်မာ့လေကြောင်းပြခန်းမှာ လေကြောင်းလိုင်းမှာသုံးနေတဲ့ လေယာဉ်ပျံတွေ၊ ကျွန်တော်တို့နိုင်ငံကို ပြည်ပကနေ ဆင်းသက်ခဲ့တဲ့ လေကြောင်းလိုင်း ၄၀ နဲ့ အခုလက်ရှိ ဆင်းသက်နေတဲ့ လေယာဉ်ပျံပုံစံငယ် အရုပ်လေးတွေကို လေ့လာနိုင်ပါတယ်။ လူငယ်တွေ အခုလို လာရောက်လေ့လာတဲ့အခါမှာ လေကြောင်းနဲ့ ပတ်သက်ပြီး ပိုမိုစိတ်ဝင်စားလာကြပါတယ်။ ဒါကြောင့် လေကြောင်းနဲ့ သက်ဆိုင်တဲ့ လေယာဉ်မောင်းတဲ့ အလုပ်၊ လေယာဉ်မှူးအလုပ်၊ လေကြောင်းထိန်းအလုပ်၊ လေယာဉ်မယ်နဲ့ လေယာဉ်မောင် အလုပ်တွေကို ပိုပြီးလုပ်ချင်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒီပြပွဲမှာ ပြကွက်ပေါင်း အများကြီး ရှိတဲ့အတွက်ကြောင့် သိချင်တဲ့ ဗဟုသုတပေါင်းစုံကို တစ်နေရာတည်းမှာ စုစုစည်းစည်း လေ့လာလို့ ရတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အဆင့် ပြုလုပ်တဲ့ လူငယ်နှင့် စာပေအနုပညာ ပြပွဲမှာ ဝင်ရောက်ပြသခွင့် ရရှိတဲ့အတွက် မြန်မာ့လေကြောင်း အနေနဲ့ အင်မတန် ဂုဏ်ယူမိပါတယ်။

**မထူးချွန်ထက်မြတ်စိုး (ကျောင်းသူ၊ အ.ထ.က-၉၊ နေပြည်တော်)**

အခုပြပွဲမှာ လေ့လာခဲ့တာကတော့ ယာဉ်ထိန်းအဖွဲ့ ဝတ်စုံလေးတွေ၊ ကြီးမြတ်သောမြန်မာ ပြခန်းထဲမှာ ခင်းကျင်းပြသထားတဲ့ အရာတွေကို လေ့လာခဲ့ပါတယ်။ ဉာဏ်စမ်းပဟေဠိကို သမီးတို့ သူငယ်ချင်းသုံးယောက် ဖြေဆိုခဲ့ပါတယ်။ ဒီပြပွဲ လာရောက်ရတဲ့အတွက် သမီးအနေနဲ့ ပျော်ရွှင်ရပါတယ်။ စိတ်ထွက်ပေါက်လည်း ရပါတယ်။ ဗဟုသုတတွေလည်း အများကြီးရပါတယ်။ ဒီလိုပြပွဲတွေ လုပ်ပေးတဲ့အတွက် လူငယ်တွေ အတွက် အများကြီး အထောက်အကူဖြစ်ပါတယ်။ စာအုပ်တွေလည်း အများကြီးရှိတဲ့အတွက်လည်း ဗဟုသုတတွေရရှိပါတယ်။ သူငယ်ချင်းတွေအနေနဲ့လည်း လာရောက်ပြီးတော့ လေ့လာစေချင်ပါတယ်။

**မမိုးမမကျော် (ကျောင်းသူ၊ အ.ထ.က-၉၊ နေပြည်တော်)**

သမီး ဒီနေ့ လေ့လာခဲ့တာကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဌာနဆိုင်ရာပြခန်း၊ ယာဉ်ထိန်းပြခန်းကို လေ့လာခဲ့ပါတယ်။ ယာဉ်ထိန်းအင်္ကျီဝတ်စုံ၊ ယာဉ်ထိန်းရဲမေ ဝတ်စုံတွေကို သဘောကျတဲ့အတွက် သမီးအနေနဲ့ ယာဉ်ထိန်းရဲမေ လုပ်ချင်ပါတယ်။ အခုလို ပြပွဲကျင်းပပေးတဲ့အတွက် ကျောင်းသား ကျောင်းသူတွေ ပျော်ရွှင်ရပါတယ်။ စာပေအတွက်လည်း အသိဗဟုသုတတွေရပါတယ်။ ကျောင်းတိုင်းလိုလို ဒီပွဲကို လာရောက်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**မလျှက်တွယ်တာ (ကျောင်းသူ၊ အ.ထ.က-၉၊ နေပြည်တော်)**

အခုပြပွဲမှာ အများကြီး လေ့လာခဲ့ရပါတယ်။ ပို့ဆောင်ရေးကဏ္ဍနဲ့ သမိုင်းအကြောင်းအရာတွေဆို သမီးက စိတ်ဝင်စားတဲ့အတွက် ကြီးမြတ်သော မြန်မာရုပ်ရှင်နဲ့ ပြခန်းကို သွားရောက်လေ့လာခဲ့ပါတယ်။ ကြီးမြတ်သော မြန်မာရုပ်ရှင်မှာဝတ်တဲ့ လက်ဝတ်လက်စားတွေ၊ စာအုပ်တွေကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ သမိုင်းကြောင်းကို လူတွေက လေ့လာမှု နည်းပါးနေတယ်။ ဒါကြောင့် သူငယ်ချင်းတွေကို သမိုင်းကြောင်းနဲ့ ပတ်သက်ပြီးတော့ လေ့လာစေချင်ပါတယ်။ ဒီပြပွဲမှာ သမိုင်းကြောင်းနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ခင်းကျင်းပြသပေးထားတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။

**မနှင်းဖူးအိမ် (ကျောင်းသူ၊ စံကိုယ်ပိုင်အထက်တန်းကျောင်း)**

ပြပွဲမှာ ပြခန်းတွေ အများကြီး လေ့လာပြီးပါပြီ။ ကျန်းမာရေးဝန်ကြီးဌာနကပြသတဲ့ အသည်းနဲ့ ပတ်သက်တာ၊ အဆုတ်နဲ့ပတ်သက်တာ၊ ဦးနှောက်သွေးယိုခြင်းနဲ့ ပတ်သက်တာတွေကို သေချာလေး လေ့လာဖြစ်ပါတယ်။ ဒီလိုမျိုးပြပွဲတွေ လုပ်ပေးခြင်းဟာ သမီးတို့လို လူငယ်တွေအတွက် အသိပညာဗဟုသုတတွေ များစွာ ရရှိစေပါတယ်။ ကျောင်းမှာပဲ ဒီအတိုင်း ပညာသင်ကြားလေ့လာတာထက်စာရင် လက်တွေ့ ကိုယ့်ဘာသာကိုယ် သိရတာ ပိုကောင်းပါတယ်။ နောင်မှာလည်း ဒီလိုမျိုးပွဲတွေလုပ်ပေးဖို့ မျှော်လင့်ပါတယ်။ ကျောင်းမှာ စာတွေနဲ့ပဲ အချိန်ကုန်နေရတဲ့ အတွက် အခုလိုမျိုး အပြင်ထွက်ပြီးတော့ လေ့လာရတဲ့အခါ စိတ်ပျော်ရွှင် လန်းဆန်းစေပါတယ်။

**မောင်ကောင်းမြတ်ကျော်**
**(ကျောင်းသား၊ အ.ထ.က-၆၊ နေပြည်တော်)**

အခုပြပွဲမှာ အသစ်အဆန်းတွေ လေ့လာခွင့်ရခဲ့ပါတယ်။ ကျွန်တော် အကြိုက်ဆုံးကတော့ နည်းပညာပိုင်းတွေ ဖြစ်ပါတယ်။ ကျွန်တော် ကွန်ပျူတာကို စိတ်ဝင်စားတဲ့အတွက် နည်းပညာပိုင်းကို ပိုပြီးလေ့လာဖြစ်ပါတယ်။ ပြီးတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရဲ့ လုပ်ငန်းတွေဖြစ်တဲ့ စီးပွားရေးလုပ်ငန်းတွေကိုလည်း စိတ်ဝင်စားပါတယ်။ ကျွန်တော့် ရည်မှန်းချက်ကတော့ မြန်မာနိုင်ငံမှာ အိုင်တီပိုင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်ပါမယ်။ လူငယ်တွေအနေနဲ့ ဒီမှာ ပြသထားတဲ့ နည်းပညာ အသစ်အဆန်းတွေကို လေ့လာခွင့်ရခဲ့တဲ့အတွက် အလွန်ကောင်းပါတယ်။ ကျောင်းစာအပြင် အခြားအရာတွေကို လေ့လာဖို့အတွက် လမ်းစဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း ဒီလိုပွဲမျိုး ဆက်လက်ဆောင်ရွက်ပေးဖို့ မျှော်လင့်မိပါတယ်။

# အမေရိကန်နိုင်ငံတစ်ဝန်း ပြင်းထန်သော နှင်းမုန်တိုင်းကြောင့် သေဆုံးသူ ၅၇ ဦးထက်မနည်း ရှိလာ

## လေယာဉ်ခရီးစဉ်ပေါင်း ၃၉၀၀ ကျော်ကို ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းက ဖျက်သိမ်း

**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

ရေကန်ကြီး (Great Lakes) မှ မက္ကဆီကို နယ်စပ်တစ်လျှောက်ရှိ ရီယိုဂရန်ဒီအထိ ပြင်းထန်သောဆောင်းရာသီ မုန်တိုင်းကြောင့် ဒီဇင်ဘာ ၂၆ ရက်တွင် အမေရိကန်နိုင်ငံတစ်ဝန်း သေဆုံးသူ ၅၇ ဦး ထက်မနည်းရှိလာကြောင်း အင်န်ဘီစီသတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ မုန်တိုင်းနှင့် ဆက်စပ်သည့် ဖြစ်စဉ်ကြောင့် သေဆုံးမှုဖြစ်ပွားသည့် ပြည်နယ်များမှာ ကိုလိုရာဒို၊ အီလီနွိုက်စ်၊ ကင်တက်ကီ၊ မီချီဂန်၊ မစ်ဆူရီ၊ နီဘရာစကား၊ နယူးယောက်၊ အိုဟိုင်းယိုး၊ အိုကလာဟိုးမား၊ တင်နက်ဆီ၊ ဝစ္စကွန်ဆင်စသည်တို့ အပါအဝင် ပြည်နယ် ၁၂ ခုမှ ဖြစ်ကြောင်း သိရသည်။



နယူးယောက်ပြည်နယ် အီရီဒေသရှိ အဆောက်အအုံတစ်လုံး၌ ဖုံးလွှမ်းနေသော အေးခဲနှင်းထုကို ဒေသခံတစ်ဦး ဖယ်ရှားနေစဉ်။

ခရစ္စမတ်အားလပ်ရက်မတိုင်မီက နှင်းမုန်တိုင်းကြောင့် နယူးယောက်ပြည်နယ် အနောက်ပိုင်း အီရီဒေသတွင် ၂၇ ဦး ထက်မနည်း သေဆုံးကြောင်း ဒီဇင်ဘာ ၂၆ ရက်က သတင်းစာရှင်းလင်းပွဲတွင် ဒေသအမှုဆောင် မာ့ခ် ပိုလွန်ကား၏က ပြောသည်။

ထို့အပြင် ၁၉၇၇ ခုနှစ်က တိုက်ခတ်ခဲ့သော နှင်းမုန်တိုင်းကြောင့် ၂၉ ဦးသေဆုံးခဲ့ပြီး အများစုမှာ ၎င်းတို့၏ ကားထဲတွင် ပိတ်မိနေသောကြောင့် ဖြစ်ကြောင်း အရှေ့မြောက်ပိုင်းဒေသဆိုင်ရာ ရာသီဥတုစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဒီဇင်ဘာ ၂၆ ရက်တွင် ဘတ်ဖလိုးမြို့တွင် ၁၈ ဦးထက်မနည်း သေဆုံးကြောင်း မြို့တော်ဝန်ဘရောင်းက ပြောသည်။ ဒီဇင်ဘာ ၂၆ ရက်တွင် သမ္မတ ဂျိုးဘိုင်ဒင်က နယူးယောက်ပြည်နယ်ကို အရေးပေါ်အခြေအနေရှိကြောင်း ကြေညာခဲ့ပြီး ပြည်နယ်နှင့် ဒေသဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို ကူညီပေးရန် ညွှန်ကြားထားသည်။ ဒီဇင်ဘာ ၂၇ ရက်အထိ အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသများရှိ သောင်းနှင့်ချီသော အိုးအိမ်များနှင့် လုပ်ငန်းများမှာ လျှပ်စစ်မီး ပြတ်တောက်နေဆဲဖြစ်သည်။

ရာသီဥတုအေးခြင်းနှင့် နှင်းများထူထပ်စွာကျဆင်းခြင်းကြောင့် ခရီးသွားလာရာတွင် ကသောင်းကနင်းဖြစ်စေပြီး လူများစွာလည်း ၎င်းတို့၏ နေအိမ်၌ ပိတ်မိနေခဲ့သည်ဟု ဆိုသည်။ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းအထိ ဘတ်ဖလိုး နိုင်အာဂရာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နှင်းကျဆင်းမှုမှာ စုစုပေါင်း ၄၃ လက်မအထိရှိကြောင်း အမေရိကန်အမျိုးသားမိုးလေဝသအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်နိုင်ငံ၏ အဝင်/အထွက် လေယာဉ်ခရီးစဉ်ပေါင်း ၃၉၀၀ ကျော်ကို ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းက ဖျက်သိမ်းထားပြီး ပျံသန်းပြေးဆွဲမှု ခရီးစဉ်ပေါင်း ၈၂၀၀ နီးပါးလည်း နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် အဆိပ်သင့်အရက် သောက်သုံးမှုမှ သေဆုံးသူ ၉၀ အထိတိုးလာ

**နယူးဒေလီ ဒီဇင်ဘာ ၂၇**

ယခုလတွင် အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်တွင် အဆိပ်သင့်အရက် သောက်သုံးမှုကြောင့် လူပေါင်း ၉၀ ထက်မနည်း သေဆုံးမှုဖြစ်ပွားပြီး အခြားလူပေါင်းများစွာ ဆေးရုံတွင် ကုသမှုခံယူလျက်ရှိကြောင်း ဒေသမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

အရက်ရောင်းချခြင်းနှင့် သောက်သုံးခြင်းကို ဥပဒေအရ တင်းကျပ်စွာ တားမြစ်ထားသော အဆိုပါ ပြည်နယ်တွင် ထိုသေဆုံးမှုများက အရက်တုများ ရောင်းချခြင်းကြောင့်ဖြစ်သည်ကို ထင်သာမြင်သာရှိသည်ဟု ဆိုသည်။ သေဆုံးမှုအများဆုံးမှာ ဘီဟာပြည်နယ်၏ မြို့တော်ပတ်နာမှ အနောက်မြောက်ဘက် ၆၀ ကီလိုမီတာခန့်အကွာ ဆာရန်ခရိုင်မှဖြစ်ပြီး ၈၅ ဦးအထိရှိကြောင်းနှင့် ၂၉ ဦးမှာ အမြင်အာရုံဆုံးရှုံးမှုဖြစ်ပွားကြောင်း နိုင်ငံပိုင်အသံလွှင့်ဌာန (အေအိုင်အာရ်) က ပြောသည်။

ဆေးရုံများတွင် ဆေးကုသမှုခံယူလျက်ရှိသူ ၂၁ ဦးရှိပြီး ၎င်းတို့ထဲမှ ရှစ်ဦးမှာ စိုးရိမ်ရအခြေအနေရှိသောကြောင့် သေဆုံးမှုနှုန်းဆက်လက်မြင့်တက်လာနိုင်ကြောင်း သိရသည်။ လွန်ခဲ့သောခြောက်နှစ်အတွင်း အဆိပ်သင့်အရက်သောက်သုံးမှုကြောင့် ဘီဟာပြည်နယ်တွင် သေဆုံးသူပေါင်း ၁၀၀၀ ကျော်ရှိကြောင်းနှင့် ဆက်စပ်ဖြစ်စဉ်များကြောင့် လူပေါင်း ၆၀၀၀၀၀ မှာ ထောင်ကျနေကြောင်း ဘီဟာပြည်နယ်မှ အတိုက်အခံပါတီခေါင်းဆောင်နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဆူရှီးလ် ကူမာမိုဒီ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ထို့အပြင် ယခုနှစ် ဇူလိုင်လ၌ ဂူဂျာရတ်ပြည်နယ်တွင်လည်း အဆိပ်သင့်အရက်သောက်သုံးမှုကြောင့် ၄၂ ဦး သေဆုံးကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်တွင် အဆိပ်သင့် အရက်သောက်သုံးမှုကြောင့် လူပေါင်း ၇၈၂ ဦးအထိရှိကြောင်း အိန္ဒိယအမျိုးသားမှုခင်းမှတ်တမ်းဗျူရို၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**



သမ္မတဟောင်း အီမြောင်ဘတ်

# သမ္မတဟောင်း အီမြောင်ဘတ်အား တောင်ကိုရီးယားအစိုးရက အထူးလွတ်ငြိမ်းချမ်းသာခွင့်ပြု

**ဆိုးလ် ဒီဇင်ဘာ ၂၇**

သမ္မတဟောင်း အီမြောင်ဘတ်အား တောင်ကိုရီးယားအစိုးရက အထူးလွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် အကျင့်ပျက်ခြစားမှုဖြင့် ထောင်ဒဏ် ၁၇ နှစ် ချမှတ်ခံထားရခြင်းဖြစ်သည်။ ကွန်ဆာဗေးတစ် အစိုးရကို ၂၀၁၃ ခုနှစ်အထိ ငါးနှစ်ကြာ ဦးဆောင်ခဲ့သော အီမြောင်ဘတ်အပါအဝင် တောင်ကိုရီးယားအစိုးရက ဒီဇင်ဘာ ၂၇ ရက်တွင် လူပေါင်း ၁၃၀၀ ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ကြောင်း သိရသည်။

၁၉၉၇ ခုနှစ်က ချန်ဒူဝမ်နှင့် နိုတေဝူး၊ ၂၀၂၁ ခုနှစ်က ပတ်ဂွမ်ဟီးတို့ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့ပြီးနောက် အီမြောင်ဘတ်သည် လွတ်ငြိမ်းချမ်းသာခွင့်ရသည့် စတုတ္ထမြောက် သမ္မတဟောင်းဖြစ်လာမည်ဖြစ်သည်။ အီမြောင်ဘတ်သည် လက်ရှိတွင် အသက် ၈၁ နှစ်ရှိပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတကာမှဆိုက်ရောက်လာသူများအား ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ တရုတ် ပယ်ဖျက်တော့မည်

**ပေကျင်း ဒီဇင်ဘာ ၂၇**

တရုတ်နိုင်ငံသည် ဇန်နဝါရီ ၈ ရက်မှစတင်ကာ နိုင်ငံတကာမှ ဆိုက်ရောက်လာသူများအား နျူကလိယပ်အက်စစ် စမ်းသပ်စစ်ဆေးမှုများကို ပယ်ဖျက်ပေးတော့မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၇ ရက်က တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်၏ ထုတ်ပြန်ချက်အရ သိရသည်။

သို့သော်လည်း တရုတ်နိုင်ငံသို့ သွားမည့် ခရီးသွားများအနေဖြင့် ခရီးမထွက်ခွာမီ ၄၈ နာရီအတွင်း ပီစီအာရ်နည်းဖြင့် စစ်ဆေးထားသော စာရွက်စာတမ်းအထောက်အထားများ ယူဆောင်လာရန် အကြံပြုထားသည်။ ထို့အပြင် ပိုးတွေ့ရှိသောသူများအနေဖြင့်လည်း ရောဂါပိုးမတွေ့ရှိကြောင်း စစ်ဆေးချက်အဖြေထွက်ပေါ်သည်အထိ ခရီးစဉ်ကိုရွှေ့ဆိုင်းထားရန် အကြံပြုထားသည်။ ခရီးသွားများမှာ တရုတ်သံတမန်နှင့် ကောင်စစ်ဝန်ရုံးမှ ကျန်းမာရေးကုတ်တောင်းခံရန် မလိုအပ်ကြောင်း သိရသည်။ **ဆင်ဟွာ**



# ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုသစ်တစ်စင်း တရုတ်လွှတ်တင်

**တိုင်ယွမ် ဒီဇင်ဘာ ၂၇**

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်းရှီးပြည်နယ်ရှိ တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ပေကျင်းစံတော်ချိန် ညနေ ၃ နာရီ ၃၇ မိနစ်တွင် ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုသစ်တစ်စင်းကို တရုတ်နိုင်ငံက လွှတ်တင်လိုက်ကြောင်း သိရသည်။

Gaofen-11 04 ဟု အမည်ပေးထားသည့် အဆိုပါဂြိုဟ်တုကို လောင်းမာ့ချ်-၄ ဘီ သယ်ဆောင်ရေးဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး စီစဉ်သတ်မှတ်ထားသည့် ပတ်လမ်းထဲသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့သည်ဟု ဆိုသည်။

အဆိုပါ ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုကို မြေယာအရင်းအမြစ် စစ်တမ်းကောက်ယူခြင်း၊ မြို့ပြစီမံကိန်း၊ လမ်းကွန်ရက်ဒီဇိုင်း၊ သီးနှံအထွက်နှုန်း ခန့်မှန်းချက်နှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး စသည့်ကဏ္ဍများတွင် အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၃ ဦးရှိလာပြီး အခြား ၂၃ ဦး ပျောက်ဆုံးနေဆဲဖြစ်

**မနီလာ ဒီဇင်ဘာ ၂၇**

ဖိလစ်ပိုင်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူပေါင်း ၁၃ ဦးအထိ ရှိလာကြောင်း ဒီဇင်ဘာ ၂၇ ရက်တွင် အစိုးရသဘာဝဘေးအန္တရာယ် အေဂျင်စီက ပြောသည်။

ထို့အပြင် အခြား ၂၃ ဦး ထက်မနည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုကောင်စီ (အင်န်ဒီအာရ်အာရ်အမ်စီ)က ပြောသည်။ ဖိလစ်ပိုင် နိုင်ငံတစ်ဝန်း ဒေသခြောက်ခုမှ လူပေါင်း ၁၇၀၀၀၀ နီးပါးမှာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်းနှင့် ၄၅၀၀၀ ကျော်မှာ အစိုးရအဆောက်အအုံ ၈၇ ခုအောက် ခိုလှုံနေကြရကြောင်း သိရသည်။ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုကြောင့် အိုးအိမ် ၅၃၄ လုံးမှာ အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပျက်စီးမှုဖြစ်ပွားခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စိန်ရတုလွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် ဂလိုဘယ်လိုက်ဇေးရှင်း

◇◇◇◇◇◇◇◇◇◇◇◇◇◇ **ဇင်ငြိမ်း** ◇◇◇◇◇◇◇◇◇◇◇◇◇◇

## စိန်ရတုအလွန်

လွန်ခဲ့သော နှစ်ပေါင်း ၇၅ နှစ်ကျော်က မြန်မာပြည်သူအပေါင်းသည် နယ်ချဲ့ဆန့်ကျင်တော်လှန်မှု၊ ဆန္ဒပြမှု၊ တော်လှန်တိုက်ခိုက်မှုပေါင်းများစွာဖြင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည်။

လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ရသူများမှာ မရေမတွက်နိုင်။ နယ်ချဲ့တို့၏ ရက်စက်မှုအောက်တွင် အသက်ဆုံးရှုံးခဲ့ရသူများမှာ မရေမတွက်နိုင်။ နိုင်ငံ၏အနာဂတ်သာမက ပြည်သူတစ်ဦးချင်းစီတိုင်း၏ဘဝများ ပျက်စီးခဲ့ရသည်၊ အနာဂတ် ပျောက်ခဲ့ရသည်။ နယ်ချဲ့လက်အောက် နှစ်ပေါင်း ၁၀၀ ကျော် သိမ်းပိုက်ခံခဲ့ရသည့် မြန်မာပြည်သူလူထုမှာ လွတ်လပ်ရေးအနှစ်သာရများနှင့် ကင်းဝေးခဲ့ကြရသည်။ လူကို လူချင်း ကိုယ်ချင်းစာတရား ကင်းမဲ့စွာ ဖိနှိပ်ခံခဲ့ကြရသည်။ ထို့အတွက်ကြောင့်လည်း မြန်မာတစ်မျိုးသားလုံးက နယ်ချဲ့ကို အဘက်ဘက်မှ တော်လှန်ခဲ့ကြသည်။ ယင်း၏ရလဒ်မှာ မိမိတို့အားလုံး လိုလားနေသည့် လွတ်လပ်ရေးကြီးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြန်လည်ရရှိခဲ့ပါသည်။


၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဆိုလျှင် မြန်မာနိုင်ငံလွတ်လပ်ရေး ပြန်လည်ရရှိခဲ့သည်မှာ စိန်ရတုနှစ်ပတ်လည်သို့ပင် ရောက်ရှိလာပြီဖြစ်သည်။ ထိုလွတ်လပ်ရေးအောင်ပွဲနေ့ကြီး၏ နောက်ကွယ်တွင် လွတ်လပ်ရေး၏အဓိပ္ပာယ်များ၊ အနှစ်သာရများရှိနေပြီး ထိုအနှစ်သာရများသည် ဆက်လက်လျှောက်လှမ်းရမည့် အနာဂတ်နိုင်ငံတော်ခရီးအတွက် အခြေခံများလည်းဖြစ်ပါသည်။ တစ်ချိန်က လွတ်လပ်ရေးဆုံးရှုံးခဲ့ရမှု၊ လွတ်လပ်ရေးကြိုးပမ်းခဲ့ရမှု၊ လွတ်လပ်ရေးရရှိပြီးနောက် ပြန်လည်ထူထောင်ရေး၊ ပြည်တွင်းပဋိပက္ခများ၊ ယနေ့နိုင်ငံ့အခြေအနေနှင့် ကမ္ဘာ့နိုင်ငံရေးအခြေအနေတို့ကို ဖြစ်စဉ်အခြေပြုသုံးသပ်ခြင်းဖြင့် အနာဂတ်မျှော်မှန်းချက်အတွက် များစွာအထောက်အကူဖြစ်စေပါလိမ့်မည်။

## နယ်ချဲ့အကျိုးဆက်

၁၅ ရာစုကပင် ပေါ်ပေါက်လာသည့် နယ်ချဲ့စနစ်သည် မြန်မာနိုင်ငံအား ပထမအကြိမ် ကျူးကျော်စစ်စတင်ဖြစ်ပွားသည့် ၁၈၂၄ ခုနှစ်ခန့်တွင် ကမ္ဘာကြီး၏ ၃၅ ရာခိုင်နှုန်းအား သိမ်းပိုက်ထားပြီး ၁၉၁၄ ခုနှစ်ခန့်တွင် ကမ္ဘာကြီး၏ ၈၄ ရာခိုင်နှုန်းအား ထိန်းချုပ်ထားပြီးသည်ကို တွေ့ရပါသည်။ ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးအား သိမ်းပိုက်၍ မြန်မာဘုရင်သီပေါမင်းအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

နယ်ချဲ့တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့စဉ်က မြန်မာပြည်သူလူထု၊ မြန်မာ့ပိုင်နက်နယ်မြေ၊ အချုပ်အခြာအာဏာနှင့် အုပ်ချုပ်သူဘုရင်တို့အားလုံးကို သိမ်းပိုက်အုပ်ချုပ်ခဲ့ကြသည်။ ယင်းသည် နိုင်ငံတစ်နိုင်ငံ၏ အသွင်လက္ခဏာဖြစ်သည့် တည်မြဲနေထိုင်သည့် ပြည်သူလူထု၊ ပိုင်းခြားသတ်မှတ်ထားသည့်နယ်မြေ၊ အချုပ်အခြာအာဏာနှင့် အစိုးရတို့ကို အလုံးစုံသိမ်းယူလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးတို့သာမက ဘာသာရေး၊ ပညာရေး၊ လူမှုရေး အားလုံး ဆုံးရှုံးခဲ့ကြရသည်။

ထို့ပြင် နယ်ချဲ့တို့သည် ကိုလိုနီနယ်မြေများအား ရေရှည်သိမ်းပိုက်ထားနိုင်ရန်နှင့် အုပ်ချုပ်ရာတွင် လွယ်ကူစေရန်အတွက် သိမ်းပိုက်ခံနယ်မြေအား သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းအိန္ဒိယနိုင်ငံသည် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် လွတ်လပ်ရေးရရှိသည့်အချိန်တွင် နှစ်နိုင်ငံအဖြစ် ပြိုကွဲခဲ့ရသည်။ မြန်မာနိုင်ငံသည်လည်း လွတ်လပ်ရေးရရှိပြီးနောက် အိန္ဒိယနိုင်ငံကဲ့သို့ နိုင်ငံနှစ်ပိုင်း မကွဲခဲ့သော်လည်း လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းလက်နက်ကိုင် တိုက်ခိုက်မှုများ သန္ဓေတည်လာခဲ့ပါသည်။



လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သော မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရန်ကုန်မြို့ ဗန္ဓုလပန်းခြံ၌ မော်ကွန်းတင် လွတ်လပ်ရေးကျောက်တိုင်ကို ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် အုတ်မြစ်ချနေစဉ်။

- **နိုင်ငံတော်အချုပ်အခြာအာဏာနှင့် အမျိုးသားလွတ်လပ်ရေးတို့ရှိသည့်တိုင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အမျိုးမျိုးသော အယူအဆများနှင့် လုပ်ဆောင်မှုများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အမျိုးသားလွတ်လပ်ရေးနှင့် အမျိုးသားအချုပ်အခြာအာဏာမှာ ခြိမ်းခြောက်မှုများစွာကို ရင်ဆိုင်နေကြရ**
- **ဂလိုဘယ်လိုက်ဇေးရှင်းသည် ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာနှင့် အရှိန်ပြင်းထန်စွာဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံများသည် နယ်ပယ်ကဏ္ဍများစွာတွင် ကျယ်ပြန့်စွာ ပိုမိုပေါင်းစည်းနေကြပါသည်။ ယင်းအခြေအနေသည် အခွင့်အလမ်းများစွာ ဖြစ်ပေါ်စေလျက်ရှိသော်လည်း အခြားတစ်ဖက်တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၊ လွတ်လပ်ရေးနှင့် လုံခြုံရေးအတွက် မှန်းဆမရသော စိန်ခေါ်မှုများကို ဖန်တီးပေးလျက်ရှိ**

## လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ

လွတ်လပ်ခြင်းသည် အခြားသူများ၏ ထိန်းချုပ်မှု၊ လွှမ်းမိုးမှု၊ ပံ့ပိုးမှုတို့မှကင်းလွတ်ခြင်းဟု ဆိုပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် တွဲလျက်ပါလာသည်မှာ အချုပ်အခြာအာဏာပိုင်ဆိုင်မှု ဖြစ်ပါသည်။ လုံးဝလွတ်လပ်သော နိုင်ငံတစ်နိုင်ငံသည် အုပ်ချုပ်ခွင့်အာဏာ၊ ဥပဒေပြုခွင့်အာဏာ၊ တရားစီရင်ပိုင်ခွင့်အာဏာများကို အခြားနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှု၊ လွှမ်းမိုးမှုနှင့် ထိန်းချုပ်မှုတို့မရှိဘဲ ကျင့်သုံးနိုင်ပါသည်။ ယင်းမှာ အချုပ်အခြာပိုင်ဆိုင်မှု ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် နိုင်ငံရေးသီအိုရီအရ နိုင်ငံတော်၏ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်နှင့် မောင်းနှင်ထိန်းသိမ်းရာတွင် အမြင့်ဆုံးသော ကြီးကြပ်မှု သို့မဟုတ် အခွင့်အာဏာဟု ဆိုပါသည်။ တစ်နည်းအားဖြင့် အချုပ်အခြာအာဏာသည် ပြင်ပမှထိန်းချုပ်မှုမရှိဘဲ မိမိပိုင်နက်နယ်မြေအတွင်း မိမိပြည်တွင်းရေးများကို ဥပဒေကြောင်းအရ အမြင့်ဆုံးကျင့်သုံးနိုင်သည့် အကြွင်းမဲ့အာဏာလည်း ဖြစ်ပါသည်။ နိုင်ငံရေးသိပ္ပံနှင့် နိုင်ငံတကာဥပဒေတို့တွင် အငြင်းပွားစရာ အရှိဆုံးအယူအဆတစ်ခုဖြစ်သည့် အချုပ်အခြာအာဏာဆိုင်ရာအယူအဆသည် နိုင်ငံတော်၊ အစိုးရ၊ လွတ်လပ်ရေးနှင့် ဒီမိုကရေစီဆိုင်ရာအယူအဆများနှင့် နီးကပ်စွာဆက်နွယ်လျက်ရှိပါသည်။ အချုပ်အခြာအာဏာပိုင်ခြင်းသည် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံ၏အဓိကဝိသေသလက္ခဏာတစ်ရပ်ဖြစ်ပြီး အချုပ်အခြာပိုင်ဆိုင်မှုရှိမှသာလျှင် မိမိနိုင်ငံနှင့် လူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာပေါ်တွင် လွတ်လပ်သောနိုင်ငံပေါင်း ၁၉၅ နိုင်ငံရှိပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိပါသည်။ တစ်ဝက်တစ်ပျက်သာ လွတ်လပ်သော သို့မဟုတ် အသိအမှတ်ပြုခြင်း မခံရသေးသော ဒေသများလည်း ရှိနေပါသေးသည်။ ကမ္ဘာပေါ်တွင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာသည်နှင့် မရှိမဖြစ်လိုအပ်သည်မှာ လွတ်လပ်ရေးဖြစ်ပါသည်။ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံသည် နိုင်ငံကြီး၊ နိုင်ငံငယ်မဟူ တန်းတူရည်တူအခွင့်အရေးရှိကြောင်းကို ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်တွင် ဖော်ပြထားပါသည်။

ထို့အပြင် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ် အပိုဒ် ၂ တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးမှာ အချုပ်အခြာအာဏာအရာ၌ တူညီကြသည်ဟူသော မူပေါ်တွင် အခြေခံ၍ ကုလသမဂ္ဂအဖွဲ့ကိုဖွဲ့စည်းသည်ဟု ဖော်ပြထားပါသည်။ ယင်းပြဋ္ဌာန်းချက်သည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိပြည်တွင်းရေးအား လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်းနှင့် နိုင်ငံတကာဆက်ဆံရေးတွင် တန်းတူညီမျှမှုရရှိခြင်း ဖြစ်ပါသည်။

## အချုပ်အခြာအာဏာနှင့်စိန်ခေါ်မှုများ

အမျိုးသားအချုပ်အခြာအာဏာသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ တရားဥပဒေနှင့် နိုင်ငံရေးအရ ခွဲခြား၍မရသော အရည်အသွေးတစ်ခု ဖြစ်ပါသည်။ အမျိုးသားအချုပ်အခြာအာဏာနှင့် ဆက်စပ်နေသော အမျိုးသားလွတ်လပ်ရေးသည် ယခုအခါ ကမ္ဘာလုံးဆိုင်ရာ စိတ်ဝင်စားမှုတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် နိုင်ငံတိုင်းသည် ကြီးသည်ဖြစ်စေ၊ သေးသည်ဖြစ်စေ မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်နှင့် နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံများအကြား တန်းတူညီမျှရေးကဲ့သို့သော ၎င်းတို့၏ အမျိုးသားတန်ဖိုးများ ထိန်းသိမ်းကာကွယ်ရေးကို ဦးတည်လေ့ရှိကြပါသည်။

သို့သော်လည်း ထိုသို့ထိန်းသိမ်းကာကွယ်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် အမျိုးသားလွတ်လပ်ရေးတို့ ရှိသည့်တိုင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အမျိုးမျိုးသော အယူအဆများနှင့် လုပ်ဆောင်မှုများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အမျိုးသားလွတ်လပ်ရေးနှင့် အမျိုးသားအချုပ်အခြာအာဏာမှာ ခြိမ်းခြောက်မှုများစွာကို ရင်ဆိုင်နေကြရပါသည်။ ထို့ကြောင့် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် နိုင်ငံတော်အချုပ်အခြာအာဏာကာကွယ်ရေးသည် ကမ္ဘာပေါ်ရှိ နိုင်ငံများ အထူးသဖြင့် အလယ်အလတ်အင်အားကြီးနိုင်ငံများနှင့် မဖွံ့ဖြိုးသေးသော နိုင်ငံများအတွက် ထိပ်တန်းဦးစားပေး ဖြစ်လျက်ရှိပါသည်။

ဂလိုဘယ်လိုက်ဇေးရှင်းသည် ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာနှင့် အရှိန်ပြင်းထန်စွာဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံများသည် နယ်ပယ်ကဏ္ဍများစွာတွင် ကျယ်ပြန့်စွာ ပိုမိုပေါင်းစည်းနေကြပါသည်။ ယင်းအခြေအနေသည် အခွင့်အလမ်းများစွာ ဖြစ်ပေါ်စေလျက်ရှိသော်လည်း အခြားတစ်ဖက်တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၊ လွတ်လပ်ရေးနှင့် လုံခြုံရေးအတွက် မှန်းဆမရသောစိန်ခေါ်မှုများကို ဖန်တီးပေးလျက်ရှိပါသည်။

## အခြေခံလိုအပ်ချက်

ထို့ကြောင့် လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် နိုင်ငံများသည် အမျိုးသားလွတ်လပ်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် အခြေခံအချက် နှစ်ရပ်ကို သတိပြုကြရန် လိုအပ်လာပါသည်။

*စာမျက်နှာ ၁၇ သို့*

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားများ ကျင်းပစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး ပြင်ဆင်ဆောင်ရွက်ထားမှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၇**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားများအား အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်ဝအောင် နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပမည်ဖြစ်ရာ ယင်းကာလအတွင်း လျှပ်စစ်ဓာတ်အားများ မပြတ်တောက်စေရေးနှင့် တည်ငြိမ်ပြည့်ဝစွာ ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် စီမံချက်အတိုင်း လုပ်ငန်းများ လစ်ဟာမှုမရှိစေရန် အထူးအရေးကြီး တာဝန်တစ်ရပ်အနေဖြင့် ကျေပွန်စွာ ထမ်းဆောင်ကြရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၅ ရက်က ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများ၊ အခမ်းအနားများ ကျင်းပမည့် နေရာများသို့ ကြည့်ရှုစစ်ဆေးစဉ် ထိုကဲ့သို့ တိုက်တွန်းပြောကြားခြင်းဖြစ်သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ်ရှိ ၂၃၀ ကေဗွီ ရွှေမြို့ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူး ဦးထွန်းထွန်းဝင်းက ၂၃၀ ကေဗွီ သာစည်လိုင်းနှင့် ၂၃၀ ကေဗွီ ပျဉ်းမနားလိုင်း ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရမည်းသင်းမြို့သို့ ပို့လွှတ်မည့် ၆၆ ကေဗွီ တိုးချဲ့ Gantry လုပ်ငန်း ဆောင်ရွက်နေမှု၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစီမံကိန်းများ၏ Gantry အတွက် မြေနေရာပြင်ဆင်ထားမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ်ရှိ ၂၃၀ ကေဗွီ နေပြည်တော် (၂) ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူး ဒေါ်စိုးရူပါသိန်းက ၂၃၀/၃၃/၁၁ ကေဗွီ၊ ၃၃ ဒသမ ၃ အမ်ဗွီအေ Y Phase ထရန်စဖော်မာ၏ Bushing များ အပူချိန်မြင့်တက်လာ၍ ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၃၀ ကေဗွီ နေပြည်တော် (၁) – နေပြည်တော် (၂) ဓာတ်အားလိုင်းအတွက် တိုးချဲ့ Gantry ရှိ မြို့ပြပိုင်း တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများကျင်းပစဉ် ဓာတ်အားဖြန့်ဖြူးပေးထားမည့် ဓာတ်အားဖြန့်ဖြူးရေး ခွဲရုံများကို သွားရောက်စစ်ဆေးရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ နေပြည်တော် အင်ဂျင်နီယာချုပ် ဦးမိုးသက်နှင့် ဒုတိယအင်ဂျင်နီယာချုပ် ဦးဇော်မင်းထွန်းတို့က လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြပြီး အဖွဲ့ဝင်များကလည်း လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန်၊ မမျှော်လင့်ဘဲ ပင်မဓာတ်အားလိုင်း ပြတ်တောက်ပါက အရန်ဓာတ်အားလိုင်းဖြင့် အမြန်ဆုံး ချိတ်ဆက်ဆောင်ရွက်ရန်၊ UPS များ၊ Battery Bank များ၊ Transformer နှင့် Switchgear Control Panel များ၊ အရန်ဓာတ်အားလိုင်းများနှင့် အရန်မီးစက်များကို ကြံ့ခိုင်မှုကောင်းမွန်စေရေး အလေးပေးဆောင်ရွက်ရန်၊ ဓာတ်အားဖြန့်ဖြူးမည့် နေရာများကို အမြဲမပြတ် စစ်ဆေးရန်၊ အရန်ပစ္စည်းကိရိယာများ အမြဲအသင့်ရှိနေစေရန်၊ လုပ်ငန်းခွင်သုံး အကာအကွယ်ဝတ်စုံများ ဝတ်ဆင်ကြရန်၊ လုံခြုံရေး အသိ၊ သတိဖြင့် ဆောင်ရွက်သွားကြရန်နှင့် အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ရန်ကုန်-ဒလ မြစ်ကူးသင်္ဘောဖြစ်သည့် ချယ်ရီသင်္ဘောပေါ်၌ PDF အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့မှု"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဒီးဒုတ်ခင်ကျေးရွာ လူသတ်မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက် ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

ပထမအချက်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် အခြေခံအကျဆုံးဖြစ်ပြီး ပြည်တွင်း သို့မဟုတ် နိုင်ငံခြားရေးကိစ္စများကို ဖြေရှင်းရာတွင် အချုပ်အခြာအာဏာကို မျှဝေခြင်း သို့မဟုတ် အသုံးချခံရခြင်း မဖြစ်စေရပါ။ နိုင်ငံတော်အချုပ်အခြာအာဏာသည် အထွတ်အထိပ်ဖြစ်ပြီး နိုင်ငံတော်အချုပ်အခြာအာဏာနှင့် ပြည်သူလူထုကို ထိခိုက်စေသည့် ကိစ္စများသည် နိုင်ငံ့အချုပ်အခြာအာဏာ၏ အထက်တွင် ရှိမနေရပါ။

ဒုတိယအချက်မှာ အချုပ်အခြာအာဏာကို ကာကွယ်ခြင်းသည် ကမ္ဘာကြီးနှင့် ခွဲထွက်၍ အထီးကျန်ခြင်း မဟုတ်ပါ။ နိုင်ငံများသည် ကမ္ဘာကြီးနှင့် ပေါင်းစည်းရန်အတွက် တံခါးဖွင့်ထားသကဲ့သို့ တစ်ပြိုင်နက်တည်းတွင် မိမိတို့၏ အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတကာနှင့် ပေါင်းစည်းခြင်းသည် အချုပ်အခြာအာဏာကို ပိုမိုကောင်းမွန်စွာ ကာကွယ်ပေးရန်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတကာနှင့် ပေါင်းစည်းဆက်ဆံရာတွင် စွန့်လွှတ်ပေးရခြင်းများနှင့် အပြန်အလှန်ကန့်သတ်ခြင်းများ ပြုလုပ်၍ မရပါ။

### ထိန်းသိမ်းကာကွယ်ရေး

မိမိတို့ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံခြားရေးကိစ္စများ စသည့်မည်သည့်နယ်ပယ်တွင်မဆို အချုပ်အခြာအာဏာကို ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာ အကြောင်းအရာများအလိုက်အပြင် မိမိနိုင်ငံအခြေအနေနှင့်သင့်လျော်သော မဟာဗျူဟာများနှင့် အစီအစဉ်များ ချမှတ်ကျင့်သုံးကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အချုပ်အခြာအာဏာကို ချိုးဖောက်သည့် လုပ်ရပ်များကို အခြားနိုင်ငံများမှသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်ပမှ ပုဂ္ဂိုလ်များကပါ လုပ်ဆောင်ကြလေ့ရှိပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် hard power နှင့် soft power တို့ဖြင့် လုံခြုံရေးဆိုင်ရာ လုပ်ဆောင်မှုများနှင့် စစ်ရေးမဟုတ်သော လုပ်ဆောင်မှုတို့အပြင် စစ်ရေးနည်းလမ်းတို့ဖြင့် အချုပ်အခြာအာဏာကို ထိပါးစေပါသည်။

ယနေ့အချိန်သည် ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် အခွင့်အလမ်းများနှင့် နယ်ပယ်များ ကျယ်ပြန့်လာသော်လည်း ဂလိုဘယ်လိုက်ဇေးရှင်းနှင့်အတူ ခေတ်သစ်ကိုလိုနီပုံစံများ ကျင့်သုံးလာနေသည်ကိုလည်း တွေ့ရပါသည်။ ခေတ်သစ်ကိုလိုနီဝါဒသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအပေါ် လွှမ်းမိုးရန် သို့မဟုတ် ထိန်းချုပ်ရန်အတွက် ယခင်ကိုလိုနီခေတ်က အသုံးပြုသော စစ်ရေးဖြင့် တိုက်ရိုက်ထိန်းချုပ်ခြင်း သို့မဟုတ် နိုင်ငံရေးဖြင့် သွယ်ဝိုက်ထိန်းချုပ်ခြင်း ပုံစံများအစား စီးပွားရေးနယ်ချဲ့စနစ်၊ ဂလိုဘယ်လိုက်ဇေးရှင်း၊ ယဉ်ကျေးမှုနယ်ချဲ့ဝါဒနှင့် ကူညီထောက်ပံ့မှုပုံစံများဖြင့် လုပ်ဆောင်ကြပါသည်။

ကိုလိုနီခေတ်က ကျူးကျော်သိမ်းပိုက်မှုသည် လွတ်လပ်ရေးသာမက အလုံးစုံဆုံးရှုံးရသော်လည်း ခေတ်သစ်ကိုလိုနီစနစ်တွင် နယ်မြေကျူးကျော်သိမ်းပိုက်မှုထက် အချုပ်အခြာအာဏာနှင့် အုပ်ချုပ်ရေးအပေါ် အဓိကလွှမ်းမိုးချုပ်ကိုင်နိုင်ရန် ကြိုးပမ်းကြလေ့ရှိပါသည်။ ထိုသို့ လွှမ်းမိုးချုပ်ကိုင်နိုင်ရန်အတွက် ပစ်မှတ်နိုင်ငံ၏ ပြည်တွင်းရေး မငြိမ်မသက်ဖြစ်စေရန်နှင့် ပြိုကွဲစေရန် နည်းလမ်းပေါင်းစုံ အထူးသဖြင့် ပါဝါအပျော့သုံး၍ သွေးခွဲသည့် နည်းလမ်းများ အသုံးပြုနေကြသည်ကို တွေ့ရပါသည်။

ကိုလိုနီနယ်ချဲ့စနစ်ကြောင့် ကမ္ဘာစစ်ကြီး နှစ်ကြိမ် ဖြစ်ခဲ့ပြီးဖြစ်သည်။ ယနေ့တွင်လည်း အင်အားကြီးနိုင်ငံများက ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးအရ အရေးပါသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် ခေတ်သစ်ကိုလိုနီစနစ် ကျင့်သုံးမှုများကြောင့် ကမ္ဘာအနှံ့တွင် မတည်ငြိမ်မှုများနှင့် တင်းမာမှုများ ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် အချုပ်အခြာအာဏာ ကာကွယ်ရန်အတွက် နိုင်ငံ၏အရင်းအမြစ်များစုပေါင်း၍ လိုက်လျောညီထွေ တုံ့ပြန်ကာကွယ်ကြရမည်ဖြစ်ပါသည်။ ယင်းသို့ ကာကွယ်ခြင်းသည် နိုင်ငံ၏အချုပ်အခြာအာဏာကိုသာမက အမျိုးသားအကျိုးစီးပွားများကို ကာကွယ်ခြင်းလည်းဖြစ်ပါသည်။

### အခက်ခဲဆုံးတာဝန်တစ်ရပ်

ဂလိုဘယ်လိုက်ဇေးရှင်းသည် လူသားတို့အတွက် အခွင့်အလမ်းများဖြစ်စေသည်မှာ မှန်သော်လည်း တစ်ဖက်တွင် စိန်ခေါ်မှုများလည်း ရှိနေပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်းသည် အပြုသဘောဆောင်သော လမ်းကြောင်းတစ်ခုဖြစ်ပြီး ကမ္ဘာ့အသီးသီးအတွက် အခွင့်အလမ်းများ တိုးလာစေလျက်ရှိပါသည်။ ထိုအခွင့်အလမ်းများကို ထိရောက်စွာအသုံးပြု၍ နိုင်ငံ၏ စီးပွားရေး၊ နည်းပညာ၊ ဈေးကွက်များမှအစ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအထိ ချဲ့ထွင်ကြရမည်ဖြစ်ပါသည်။ သို့မှသာ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပြီး ပြည်သူလူထုသည်လည်း လွတ်လပ်ရေး၏အနှစ်သာရများကို ခံစားရရှိနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံများသည် ခေတ်ပြိုင်ကမ္ဘာကြီး၏ ရေစီးကြောင်းများအတွင်း အနေးနှင့်အမြန် စီးမျောခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အများနည်းတူ မြှင့်တင်ကြရမည်ဖြစ်ပါသည်။ ထိုသို့ ခေတ်ရေစီးကြောင်းတွင် ဟန်ချက်ညီ လိုက်ပါစီးမျောရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အပြင်းထန်ဆုံးနှင့် အခက်ခဲဆုံးတာဝန်မှာ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများမှ အမျိုးသားလွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန် ဖြစ်ပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်းရှိ

(၂၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၇၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၉၉,၃၇၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၂၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၂၅၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၂) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၀ | ၂၀၇၅ | ၂၀၇၀ | ၂၀၄၀ | ၂၀၇၅ | ၂၁၀၀ | ၂၀၈၅ | ၂၀၆၀ | ၂၁၅၅ | ၂၁၇၀ | ၂၀၇၀ | ၂၀၇၅ | ၂၁၁၀ | ၂၁၁၀ | ၂၁၁၅ | ၂၃၃၅ | ၂၇၆၀ |
| 95 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၄၅ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၅ | ၂၂၂၅ | ၂၂၄၅ | ၂၁၄၀ | ၂၁၅၅ | ၂၁၈၅ | ၂၁၈၅ | ၂၁၈၅ | ၂၄၀၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၆၅ | ၂၄၆၀ | ၂၄၂၅ | ၂၄၆၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၅ | ၂၄၆၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၇၂၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၀၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၀၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၁ | ၂၀၀၃ |
| 95 Ron | ၂၀၀၁ | ၂၀၇၄ |
| HSD (500 ppm) | ၂၃၁၀ | ၂၃၈၆ |
| HSD (50 ppm) | ၂၃၈၃ | ၂၄၆၁ |
| HSD (10 ppm) | ၂၃၈၃ | ၂၄၆၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာနိုင်ငံ၏ ပြည်တွင်းသုံးငွေစက္ကူများ ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာအခြေအနေများ ဆွေးနွေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ၏ ပြည်တွင်းသုံးငွေစက္ကူများ ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ အခြေအနေများ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင်၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘဏ်များမှ အမှုဆောင်အရာရှိချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် ငွေကြေးဌာနတာဝန်ခံများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်တွင်းသုံးငွေစက္ကူများကို တစ်ဦးတည်းထုတ်ဝေသူအဖြစ် ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ပြည်သူများ သန့်ရှင်းကောင်းမွန်ပြီး လုံခြုံမှုအဆင့်အတန်းမြင့်မားသော ငွေစက္ကူများကို ကိုင်တွယ်သုံးစွဲနိုင်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ပြည်တွင်းသုံးငွေစက္ကူများနှင့်ပတ်သက်၍ ငွေစက္ကူအတု/အစစ်ခွဲခြားစစ်ဆေးရန်ကိစ္စရပ်များ၊ ဟောင်းနွမ်းငွေစက္ကူများ လျော့နည်းပပျောက်စေရန် ကိစ္စရပ်များ စသည့် အကြောင်းအရာများကို ဆွေးနွေးမည်ဖြစ်သည့်အတွက် တက်ရောက်လာကြသူများ အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ပါကြောင်း၊ ဘဏ်များက အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရသည့်အတွက် ယနေ့ဆွေးနွေးချက်များကို မိမိတို့၏ လက်အောက်ဝန်ထမ်းများကို လက်ဆင့်ကမ်းဖြန့်ဝေပေးပြီး ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်က ပြည်တွင်းသုံးငွေ ထုတ်ဝေခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တရားဝင်လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူအမျိုးအစားများ၊ ငွေစက္ကူအတုနှင့်ပတ်သက်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပါ တားမြစ်ချက်နှင့် ပြစ်ဒဏ်များ၊ ငွေစက္ကူများ၏ သိသာထင်ရှားသော သွင်ပြင်လက္ခဏာများကို အများပြည်သူနှင့် ဘဏ်များသို့ အသိပေးဆောင်ရွက်နေမှု၊ ငွေစက္ကူအတုတွေ့ရှိပါက ဘဏ်များမှ လိုက်နာဆောင်ရွက်ရန် အချက်များ၊ ငွေစက္ကူအစစ်နှင့် အတုအား အလွယ်တကူခွဲခြားစစ်ဆေးနိုင်သည့် အချက်များ၊ အများပြည်သူအတွင်း လှည့်လည်သုံးစွဲနေသော ငွေစက္ကူများ သစ်လွင်သန့်ရှင်းမှုရှိစေရေးအတွက် ဟောင်းနွမ်း / စုတ်ပြဲ / ချွတ်ယွင်း ငွေစက္ကူများကို လက်ခံလဲလှယ်ပေးရန် ကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီး စိုးနိုင်က ငွေစက္ကူအတုနှင့်ပတ်သက်၍ အတုပြုလုပ်ရောင်းဝယ်ကြသည့်အပေါ် ဖမ်းဆီးရမိမှု၊ ငွေစက္ကူအတုများ ရောင်းဝယ်ဖောက်ကားရန် လိမ်လည်မှုပြုကြသည့်အခြေအနေများ စုံစမ်းစစ်ဆေးအရေးယူမှုကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

တက်ရောက်လာသော နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များက ပြည်သူများ၏ပေးသွင်းငွေများအပေါ် စိစစ်ဆောင်ရွက်နေမှု၊ ငွေစက္ကူအတုနှင့် ပတ်သက်၍ အသိပေး ဆောင်ရွက်နေမှု၊ ငွေစက္ကူအတုတွေ့ရှိပါက ငွေစက္ကူအတုနှင့်တကွ အချက်အလက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံသို့ အပ်နှံဆောင်ရွက်နေမှုအခြေအနေများ၊ ဗဟိုဘဏ်၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်နေမှုကို ဆွေးနွေးခဲ့ကြပြီး ယနေ့ဆွေးနွေးပွဲမှ သိရှိလာသော အချက်အလက်များကို မိမိတို့ဘဏ်များအလိုက် ဝန်ထမ်းများကို အသိပညာဗဟုသုတဖြန့်ဝေခြင်း (Knowledge Sharing) များ ပြုလုပ်သွားကြမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာ အဖွဲ့ဝင်များက ဘဏ်လုပ်ငန်း ဆောင်ရွက်ချက်များအပေါ် လိုအပ်သည်များကို အကြံပြုဆွေးနွေးပြောကြားခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင်က ဆွေးနွေးပွဲနှင့်ပတ်သက်၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အမျ ာ ားပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မွန်ပြည်နယ် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက်နေ သရဖီလွင်(ခ)သဲသဲသည် ၎င်းအသုံးပြုသည့် "Thae Thae" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဥယျာဉ်စုကျေးရွာနေ ကောင်းမြတ်(ခ) ဘိုးတိုသည် ၎င်းအသုံး ပြုသည့် "Kaung Myat" Facebook အကောင့်နှင့် ပြည်မြို့ ရွာဘဲရပ်ကွက်နေ ကျော်ဇင်ထွန်း (ခ) ကတုံးသည် ၎င်းအသုံးပြုသည့် "Kyaw Zin Htun" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်ကြားနိုင်ပါသည်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့်ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် တိုက်တွန်းအကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍ သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (ဖ) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ **ဖက်စ် -၀၁- ၆၅၄၆၇၈ နှင့် ကော်မရှင် website ဖြစ်သော www.mnhrc.org.mm** တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၃။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး ဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်၊ မသန်စွမ်းနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကော်မရှင်သို့ ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးမှ ကိုယ်စားပြု၍ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ တိုင်တန်းရာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာ ဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသား ဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၅။ ယခုအခါ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များတွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မပါရှိခြင်းများ တွေ့ရှိနေရပါသဖြင့်** တိုင်ကြားသူများအနေဖြင့် မိမိတို့၏ တိုင်တန်းချက်တွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေ ပူးတွဲပေးပို့ပါရန်**လည်း အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

## အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့ ခရစ္စမတ်ကာလ ရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သို့ ခရစ္စမတ်ကာလ ရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူ များပြားလျက်ရှိပြီး (၁၅) ကြိမ်မြောက် ပန်းပွဲတော် (Blooming Fantasy) ကျင်းပလျက်ရှိသည့် အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)တွင် ဖွင့်ပွဲနေ့ ဒီဇင်ဘာ ၁၈ ရက်မှ ယနေ့အထိ ပြည်တွင်း/ ပြည်ပမှ ခရီးသွားပြည်သူ တစ်သိန်း ခြောက်သောင်းကျော် လာရောက်ကြည့်ရှုလေ့လာအပန်းဖြေခဲ့ပြီး ယနေ့ အချိန်အထိ လာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)ရှိ ရေကန်များ သာယာလှပရေး၊ စိမ်းလန်းစိုပြည်စေရေး၊ အကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက်မှုများ မရှိစေရေးနှင့် ရေကန်များ ရေဝင် ရေထွက် ကောင်းမွန်စေရေး စသည့် ရေအရင်းအမြစ် ထိန်းသိမ်းရေး လုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




မြန်မာရေးရာ MYANMAR AFFAIRS မြန်မာရေးရာ(၂၂) (ဇန်နဝါရီ၊ ၂၀၂၃) ထွက်ပြီ




၂၀၂၃ ဇန်နဝါရီလထုတ် မြန်မာရေးရာ အမှတ်စဉ် – ၂၂ တွင်

- ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ
- တစ်ကမ္ဘာလုံး တစ်ယောက်မကျန် ကြားသိစေသတည်း
- စိန်ရတုအတွေး ရုရှား – မြန်မာချစ်ကြည်ရေး
- ဖဆပလ၏ တစ်နှစ်အတွင်း လွတ်လပ်ရေးကြေညာချက်
- ဒစ်ဂျစ်တယ်၊ မိုဘိုင်း ငွေပေးချေမှုကဏ္ဍမှ အပြောင်းအလဲတစ်ခု
- ဘဝတန်ဖိုး
- ဗဒံမင်းနှင့် မြို့နန်းတည်ခြင်း
- ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်လျှော့ချပေးသည့် မြန်မာ့အီးဖရီး စဥ့်မီးဖို

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(လက်ကားဖြန့်ချိရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း–၀၁–၈၃၈၇၅၆၈


## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၇၆ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၃၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3IW/24287, Yinxing –110 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာလင်း ၉/ဝတန(နိုင်)၁၀၂၄၉၀က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး (မိတ္ထီလာမြို့)**

# ပန်းမြို့တော်နှင့် ပန်းပွဲတော်

❁ ရာသီဆောင်းလ ၊ သမယတည့်  
ပန်းလှတင့်ဆန်း ၊ အံ့မခန်းမျှ  
စိမ်းလန်းသာယာ ၊ ကန်တော်သာကို  
ခုခါခုနေ ၊ ချစ်မိတ်ဆွေလျှင်  
မသွေရောက်လာ ၊ ဆုံရပါမူ  
ပူပင်သောက ဗျာပါဒတို့  
မုချကင်းဝေး ရင်မှာအေးလိမ့်။

❁ တောင်ပြာစိမ့်စမ်း ၊ အဆန်းဆန်းပြင်  
ပန်းမျိုးစုံစုံ ၊ နှင်းငွေ့လှုံလို့  
နတ်ဘုံတမျှ ၊ ခမ်းနားလှမို့  
လောကနိဗ္ဗာန် ၊ ဆိုသော်မှန်လိမ့်။

❁ နှင်းဆီစံပယ် ၊ မြတ်လေးနွယ်၍  
သွယ်သွယ်လျလျ ၊ စိမ်းမြမြနှင့်  
အလှမျိုးစုံ ၊ မွှေးထုံကြိုင်သင်း  
ပန်းမင်းတော်ဝင် ၊ ဂေါ်သဇင်ပွင့်  
လန်းလန်းတင့်သား အပွင့်ဝေဆာ  
ဂန္ဓမာကြိုင်လှောက်  
ကြက်မောက်သစ္စာ ၊ ဒေလီယာတို့  
အခါမလင့် ၊ တူပြိုင်ပွင့်လျက်  
ဝင့်ကာဝင့်ကာ ၊ ဂုဏ်တင့်ဖြာသည့်  
သာယာမှုမျိုး ပြည့်စုံဖြိုးသည့်  
ပန်း၏မြို့တော် တမည်ခေါ်တွင်  
ပြင်ဦးလွင်မှ မျှော်လင့်စောင့်စား  
သင့်အား ကြိုဆိုနေမယ်လေ။

❁ ချိုမွှေးပျံ့ကြည် ၊ ပန်းချယ်ရီကို  
စီရီကေသာ ၊ ပန်လိုပါက  
တစ်ခါတစ်ခေါက် လာရောက်ကြွမြန်း  
ရှုလှည့်စမ်းပါ့  
ရွှင်လန်းတူပျော် ပန်းမြို့တော်…။  
ဆင်နွှဲကြစို့ တူပျော်ပျော်…။ ။  
(ပန်းပွဲတော်အားကြိုဆိုလျက်)

**ဘိုမျိုး(ရွှေဘို)**

## AFF Cup ပြိုင်ပွဲ အုပ်စု(ခ)တွင် ဗီယက်နမ်နှင့် စင်ကာပူအသင်း အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စု (ခ) တတိယနေ့ကို ဒီဇင်ဘာ ၂၇ ရက်က လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ ဗီယက်နမ်နှင့် စင်ကာပူအသင်း အနိုင်ရရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပသည့်ပွဲတွင် ဗီယက်နမ်အသင်းက မလေးရှားအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ ဗီယက်နမ်အသင်းသည် ယခုပွဲ အနိုင်ရသဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေကောင်းသွားခဲ့သည်။ ၂၈ မိနစ်တွင် ငုယင်သီလင်က ဗီယက်နမ်အတွက် ဂိုးစတင် သွင်းယူခဲ့သော်လည်း လေးမိနစ်အကြာတွင် ဗန်ထရန်ငုယင် နှစ်ဝါ တစ်နီဖြင့် အထုတ်ခံရသဖြင့် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ မလေးရှားအသင်းကလည်း ၆၂ မိနစ်တွင် အဇာမီ အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် တစ်ယောက်လျော့သွားပြီး ၁၀ ဦးစီဖြင့် ကစားခဲ့ရသည်။ ၆၄ မိနစ်တွင် ဗီယက်နမ်အတွက် ပယ်နယ်တီမှတစ်ဆင့် ကွမ်ငိုဟိုင်၊ ၈၃ မိနစ်တွင် ဟောင်ဒူငုယင်တို့က သွင်းယူခဲ့သည်။

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ကျင်းပသည့်ပွဲတွင် စင်ကာပူအသင်းက အိမ်ရှင်လာအိုအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ စင်ကာပူအသင်းသည် နှစ်ပွဲနိုင် ခြောက်မှတ် ရရှိထားသော်လည်း ဆီမီးဖိုင်နယ် တက်ရောက်ရန် မလေးရှား၊ ဗီယက်နမ်တို့နှင့် ထပ်မံရင်ဆိုင်ရမည်ဖြစ်သည်။ စင်ကာပူအတွက် ၃၂ မိနစ်တွင် အီဖန်ဖန်ဒီ၊ ၉၀+၄ မိနစ်တွင် ရှာဝယ်တို့က သွင်းယူခဲ့သည်။ လာအိုက သုံးပွဲဆက်အရှုံးကြောင့် အုပ်စုအဆင့်မှ ထွက်ရန် သေချာသွားပြီဖြစ်သည်။

ယခုပွဲအပြီးတွင် အုပ်စု (ခ) ၌ ဗီယက်နမ်နှင့် စင်ကာပူအသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်စီ၊ မလေးရှားအသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်မှတ်ရရှိထားပြီး နှစ်ပွဲကစားထားသည့် မြန်မာနှင့် သုံးပွဲကစားထားသည့် လာအိုအသင်းတို့မှာ အမှတ်မရသေးပေ။ **ရဲရင့်လွင်**

❖ *ကျော့ဖုံးမှ*

အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ ကြက်တောင်၊ Boccia၊ စစ်တုရင်၊ Goalball၊ ခုနစ်ယောက် ဘောလုံး၊ မျက်မမြင် ငါးယောက်ဘောလုံး၊ ဂျူဒို၊ အလေးမ၊ ရေကူး၊ စစ်တုရင်၊ ထိုင်လျက်ဘော်လီဘောနှင့် ဘီးချဲဘတ်စကက်ဘော အားကစားနည်းတို့ကို ဆုတံဆိပ်ချီးမြှင့်မည်ဖြစ်ပြီး Esports အားကစားနည်းကိုမူ သရုပ်ပြအားကစားနည်းအဖြစ် ထည့်သွင်းကျင်းပမည် ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၆ ရက်၊ (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၂၃ ခုနှစ် ဇွန် ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၂၀၀၁ ခုနှစ်မှစ၍ နှစ်နှစ် တစ်ကြိမ်ကျင်းပခဲ့ပြီး ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအိမ်ရှင် ဖိလစ်ပိုင်နိုင်ငံနှင့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲ အိမ်ရှင် ဗီယက်နမ်နိုင်ငံတို့မှာ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ဖျက်သိမ်းခဲ့ရပြီး (၁၁) ကြိမ်မြောက် ပြိုင်ပွဲကိုမူ အင်ဒိုနီးရှားနိုင်ငံက ၂၀၂၂ ခုနှစ်တွင် ပြန်လည်အစားထိုး လက်ခံကျင်းပခဲ့သည်။

မြန်မာမသန်စွမ်း အားကစားအဖွဲ့သည် နောက်ဆုံးကျင်းပသည့် (၁၁)ကြိမ်မြောက်အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတွင် ရွှေ ၁၄ ခု၊ ငွေ ၁၂ ခု၊ ကြေး ၁၇ ခု ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် ဆုရရှိမှုတွင် အဆင့် ၆ နေရာ ရပ်တည်ခဲ့သည်။ မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ၂၀၂၃ ခုနှစ်တွင် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအပြင် အာရှမသန်စွမ်းအားကစားပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ရဲရင့်လွင်**

❍ *ကျော့ဖုံးမှ*

ထူးခြားချက်အနေဖြင့် ၂၀၁၈ ခုနှစ်က ရာထူးမှ ဖယ်ရှားခံရပြီး အာဆင်နယ်အသင်း အတွက် နောက်ဆုံးလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့သော နည်းပြ အာစင်ဝင်းဂါး ပထမဆုံးအကြိမ် လာရောက်ကြည့်ရှုခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၃ မိနစ်၊ ၅၈ မိနစ်နှင့် ၆၉ မိနစ်တို့တွင် ဆာကာ၊ မာတင်နယ်လီနှင့် အင်ခီတီယာတို့က သွင်းယူပေးနိုင်ခဲ့သည်။ ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် အာဆင်နယ်အသင်းက ၁၅ ပွဲ ကစားပြီး ရမှတ် ၄၀ အထိ ရရှိကာ ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းက ယခုပွဲရှုံးနိမ့်မှုကြောင့် ၁၆ ပွဲ ကစားပြီး ရမှတ် ၁၄ မှတ်သာ ရရှိသည့်အတွက် တန်းဆင်းဇုန်အသင်းနှင့် တစ်မှတ်သာ ကွာဟတော့သည်။

လာမည့်ပွဲစဉ်တွင် အာဆင်နယ်အသင်းက ဘရိုက်တန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ဝက်စ်ဟမ်းအသင်း က ဘရန့်ဖို့ဒ်အသင်းနှင့် ကစားရမည် ဖြစ်သည်။

အခြားသော ပွဲစဉ်တွင် အက်စ်တွန်ဗီလာနှင့် လီဗာပူးအသင်းတို့ ပွဲတွင် လီဗာပူးအသင်းက ခြေစွမ်းပြကာ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**




## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယခုအခါ Level-2 Semi Final ပွဲစဉ်(၁၇)တွင် ပြိုင်ပွဲဝင်(၆)ဦးတို့မှ ပြဋ္ဌာန်းတစ်ပုဒ်၊ စိတ်ကြိုက်တစ်ပုဒ် သီဆိုယှဉ်ပြိုင်မှုမှ ပရိသတ် Voting (၇၀%)နှင့် ဒိုင်အကဲဖြတ်အမှတ် (၃၀%) ရမှတ်များဖြင့် ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၃)ဦးဖြင့် ပြုလုပ်မည့် Grand Final ပွဲစဉ်(၁၈)အတွက် အောက်ပါ တေးသီချင်းများကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁။ | ငံဆားရောင်ခြယ်ပါ | ရန်ကုန်တိုင်းဒေသကြီး | (၃၀-၁၂-၂၀၂၂)ရက်နေ့ Grand Final ပွဲစဉ်(၁၈) Result Show |
| ၂။ | ရေခပ်ဆင်းချိန် | ရန်ကုန်တိုင်းဒေသကြီး | |
| ၃။ | ပြည်ထောင်စုကြီး တို့ရဲ့မြန်မာ | နေပြည်တော် | |
| ၄။ | ပန်းပိတောက်တို့ကြွေရာမြေ | နေပြည်တော် | |
| ၅။ | မဟာ | ဧရာဝတီတိုင်းဒေသကြီး | |
| ၆။ | ချစ်မိုးကြီး | ဧရာဝတီတိုင်းဒေသကြီး | |
| ၇။ | စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် | Group Song | |
| ၈။ | ဒီကောင်မလေးအတွက် | ပြင်ပအဆိုရှင် | |
| ၉။ | မင်းလေးသိဖို့ | ။ | |
| ၁၀။ | ဘယ်တော့မျှမှ အဆုံးမရှိ | ။ | |
| ၁၁။ | မောင်ပေါက်ကျိုင်းလိုလူစား | ။ | |
| ၁၂။ | ဂျိမ်းဖော | ။ | |
| ၁၃။ | အဆင်ပြေပါစေ | ။ | |
| ၁၄။ | ကော်ဖီပူလေးသောက်လိုက်ပါဦး | ။ | |
| ၁၅။ | မိုးစက်တင်လေ | ။ | |
| ၁၆။ | လွတ်လပ်ရေးတေးသံ | ။ | |
| ၁၇။ | လိုနေတာမင်းအချစ် | ဌာနအဆိုရှင် | |
| ၁၈။ | မျှော်လင့်နေတုန်း ပျို့ဖုန်းလှမ်းခဲ့ပါ | ။ | |
| ၁၉။ | ရှင်ဘုရင်လေး | ။ | |
| ၂၀။ | ကိုယ်တိုင်ရေးပုံတူ | ။ | |

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်း မောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈၅**

| | | |
|---|---|---|
| ဒေါ်ခင်မေရီ | **နှင့်** | ဦးကြွယ်ထော (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးတင်လှိုင်) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ထွန်တုံးရပ်ကွက်၊ အကွက် (၀၀-၄/၄၃)၊ ဦးကြွယ်ထော(ဘ)ဦးနူးလွယ်(၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးတင်လှိုင်)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မေရီက မြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ လ ၉ရက် (၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထိုက်ထိုက်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌**
**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၂**

| | | |
|---|---|---|
| ဦးဇော်မင်းအောင် | **နှင့်** | ဦးကျော်မြ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၈၈-၁၀/၂၂)၊ ထွန်တုံးရပ်ကွက်နေ (ဘ)ဦးပန်းခိုင်၏သားဖြစ်သူ ဦးကျော်မြ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဇော်မင်းအောင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၀)၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ(၀ဒသမ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်မြ(တသ)အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအားမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၆ရက် (၁၃၈၄ခုနှစ် ပြာသိုလဆန်း ၁၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလို သည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ အကွက်အမှတ်(၂၇)၊ ကျိုက်ဖောခိတောင်ကွက်၊ ဦးပိုင်အမှတ်(၅၂/၉/၁)၊ ဧရိယာ(၀ဒသမ ၁၂၂)ဧကအကျယ်ရှိ ဒေါ်ကြိုင်အမည်ပေါက် ၃(ခ)ရရှိပြီး မြေကွက်အတွင်းမှ ဧရိယာ(၀ဒသမ၀၉၄)ဧကအကျယ်ရှိမြေအား ဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီးလက်ရှိထားပိုင်ဆိုင်၍ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဆွေဆွေအုန်း(ဘ)ဦးအုန်းဟန် ၁၂/မရက(နိုင်) ၀၆၆၀၅၅ထံမှ ကျွန်မတို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ၎င်းမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မတို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး(LL.B)** | **ဒေါ်ခိုင်သူဇာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၉၄၉/၂၀၁၃)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉-၄၂၀၀၅၃၁၁၀** | **ဖုန်း-၀၉-၄၂၀၀၅၃၁၀၁** |

**(ရုံးခန်း)သန်လျင်ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၁၂-၂၀၂၂ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၉)ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဦးဇော်ဝင်းအား ဦးဇော်ဝမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် FMI-8၊ မြေကွက်အမှတ် (၁၀၃၄)၊ မြေဧရိယာ ၀ဒသမ ၁၄၇ဧက၊ မြေကွက်တည်နေရာအမှတ် (၁၀၃၄)၊ မင်္ဂလာ (၃)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးမျိုးမြင့် ၁၂/တမန(နိုင်)၀၉၈၆၃၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမျိုးမြင့် ၁၂/တမန(နိုင်)၀၉၈၆၃၁သည် ၅-၁၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးတော်စပ်သူ ဒေါ်စန်းစန်းမြင့် ၁၂/စခန(နိုင်)၀၂၃၃၃၃မှ တစ်ဦးတည်းသော တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေခံမည့် ဇနီးတစ်ဦးတစ်ယောက်မျှမကျန်ရှိပါကြောင်း ကျိန်ဆိုထားသည့်ကျမ်းကျိန်လွှာ၊ ထပ် ဆင့်ကျမ်းကျိန်လွှာ(၂) စောင်၊ အမည်ပေါက်၏သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/33319, Luoajia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းအေး ၁၄/ပသန(နိုင်)၀၉၆၅၈၅ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၂/ပန်းဘဲအရှေ့)၊ ဦးပိုင် (၁၅၁)၊ ဧရိယာ ၀ဒသမ ၁၉၉ ဧကအား ဒေါ်စိုးစိုးသိန်းအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဒေါ်စိုးစိုးသိန်းအား မြေငှားဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါ သည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖခင်အမည်မှန်

ပုသိမ်မြို့၊ အထက-၁၁၊ (ယခင်မြို့မ)ကျောင်း၊ ကော ဒသမတန်း Grade-11 တွင် ပညာသင်ကြားနေသော မလင်းလက်အောင်၏ ဖခင်အမည်မှန်မှာ ဦးရဲအောင်ထွန်း ၁၄/ပသန(နိုင်)၀၂၇၁၁၀ ဖြစ်ပါကြောင်း။

**ဦးရဲလင်းအောင်**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ တိုက်အမှတ် (၂၅)၊ အခန်းအမှတ် (၉၀၃)၊ ၉-လွှာ၊ အကျယ်အဝန်း(၂၅'x၈၀')ရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီး၊ ကားပါကင်၊ ဓာတ်လှေကားအသုံးပြုခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်တင်မြတ်နွယ်(ခ)နန္ဒာ ၁၂/ရကန(နိုင်) ၀၁၅၈၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၃၈)**
**အမှတ်-၃၆၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၁၁၇၈၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်(ယခင်နန္ဒာဝန်)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃/၄၅၊ နန္ဒဝန်၊ စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၃၃လမ်း-၂၄)၊ ဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေအား ဒုတပ်ကြပ်ဝင်းမြင့် အမည်ဖြင့် အမှုတွဲအမှတ် ၂၃၈၆/၁၉၉၃-၁၉၉၄ အရ(၃၀-၁၂-၁၉၉၃)မှ (၂၉-၁၂-၂၀၂၃)ထိလည်းကောင်း၊ ဦးပိုင်အမှတ်(၃၃လမ်း-၂၆)၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိမြေအား ဒေါ်မြင့်မြင့်လှိုင် အမည်ဖြင့် အမှုတွဲအမှတ် ၅၅၃ V ၂၀၀၄-၂၀၀၅ အရ (၆-၄-၂၀၀၅)မှ (၅-၄-၂၀၃၅)ထိလည်းကောင်း၊ ဦးပိုင်အမှတ်(၃၃ လမ်း-၂၈)၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိမြေအား ဦးသိန်းမောင် အမည်ဖြင့် အမှုတွဲအမှတ် ၁၃၇၂/၁၉၉၂-၁၉၉၃အရ (၈-၂-၁၉၉၄)မှ (၇-၂-၂၀၂၄)ထိလည်းကောင်း နှစ်(၃၀)မြေငှားဂရန်ရရှိထားသော ဝင်းမြေဧရိယာစုစုပေါင်း (၀ဒသမ၃၃၀)ကေအား ဒေါ်ရီရီတင့်အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ (၁)လမ်း၊ အမှတ် (၂၇၁-ခ) (မြေညီထပ်)ဟုခေါ်တွင်သည့် ၁၈ပေx၅၄ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိတိုက်ခန်း ပိုင်ဆိုင်သူ ဦးဝင်းနိုင် ၁၂/သဃက(နိုင်)၀၃၈၁၆၂ထံမှ ဒေါ်အဥ္စလီဦး ၁၄/မမက(နိုင်)၁၈၄၄၈၇က ဝယ်ယူရန် တိုက်ခန်း၏ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဒေါ်အဥ္စလီဦး ၁၄/မမက(နိုင်)၁၈၄၄၈၇**
**ဖုန်း-၀၉-၇၉၃၃၆၅၈၉၈၊ ၀၉-၇၉၉၆၅၇၅၃၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သင်ကြားရေးနှင့်အထွေထွေရောဂါကုဆေးရုံကြီး-အင်းစိန်
## ဆေးရုံအုပ်ကြီးရုံး
## ဖုန်း-၀၁၃-၆၄၀၁၃၂၊ ၀၁၃-၆၄၀၅၂၃၊ ဖက်(စ်)-၀၁၃၆၄၀၅၂၃
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခွဲခန်းနှင့် ခွဲစိတ်မှန်သုံးဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် လက်ရှိမှတ်ပုံတင်ထားသည့် ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းများနှင့် ဆေးနှင့်ဆေးပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်၍ စုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၂၈-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီ

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊**
**အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်**
**ဖုန်း-၀၁-၃၆၄၀၅၂၃၊၀၁-၃၆၄၀၁၃၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ် ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၁/ဂ)၊ ကွင်းအမည် (ရေချမ်းအိုးအရှေ့)၊ ဦးပိုင်အမှတ်(၈/၆-က)၊ မြေဧရိယာ(၀.၂၃)ဧကရှိမြေကွက်/နေအိမ်အား မိခင်ဖြစ်သူဒေါ်ကြည်အောင်မှ အမည်ပေါက်ပိုင်ဆိုင်ပြီး မိခင်ဖြစ်သူ ဒေါ်ကြည်အောင် ကွယ်လွန်သွား၍ သား၊ သမီးဖြစ်သူ ဦးကျော်သူ၊ ဦးကျော်စွာ၊ ဒေါ်ပြဒါးယု၊ ဦးကိုကိုယု၊ ဒေါ်သပြေယုတို့မှပိုင်ဆိုင်လာပြီး ဦးကျော်သူ၊ ဦးကျော်စွာတို့မှာ လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားပါသဖြင့် အထက်အဆိုပါမြေကွက်/နေ အိမ်ကို ဒေါ်ပြဒါးယု၊ ဦးကိုကိုယု၊ ဒေါ်သပြေယုတို့မှပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။အဆိုပါမြေကွက်/နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဒေါ်ပြဒါးယု ၉/မနမ(နိုင်)၁၁၀၅၀၃** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| **ဦးကိုကိုယု ၉/မမန(နိုင်)၀၁၂၉၈၇** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်သပြေယု ၉/မနမ(နိုင်)၀၀၁၁၇၇** | **"နိုင်"ဥပဒေအကျိုးဆောင်** |

**အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းကတိုးလမ်း၊ အမှတ်(၁၈၈) အလျား(၄၀)ပေXအနံ(၆၀)ပေရှိ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း
## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)ရပ်ကွက်၊ပျဉ်းကတိုးလမ်း၊မြေကွက်အမှတ် (၁၈၈)ဟုခေါ်တွင်သော မြေအလျားx အနံ(၄၀ပေx၆၀ပေ)ဧရိယာ ၀ဒသမ ၀၅၅ ဧက ၂၄၀၀ စတုရန်းပေ ဟုခေါ်တွင်သည့် နှစ်(၆၀)မြေငှားဂရန်တွင် ဦးကျော်မျိုးအောင် ၁၂/ဗဟန(နိုင်)၀၈၇၇၅၃ နှင့် ဒေါ်ဖြူဖြူသန့် ၁၂/မဂတ(နိုင်)၀၉၄၈၁၄ အမည်ပေါက်တို့ဖြစ်ပြီး ၎င်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းတို့ထံမှ စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးလှညွှန့် ၁၂/ရကန(နိုင်)၀၆၀၄၇၁ က ယခုရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သူဇာ ၇/ညလပ(နိုင်)၀၃၂၅၀၀ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်၏ ပိုင်ဆိုင်မှုအားကန့်ကွက်လိုသူများရှိပါက ယခုကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက ဤမြေကွက် အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဒေါ်ခင်သူဇာ** | **ဒေါ်စုစုအောင် (LL.B)(စဉ်-၁၃၄၉၈/၂၀၁၇)** |
| **၇/ညလပ(နိုင်)၀၃၂၅၀၀** | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ် (၃၃၂)၊ ဒုတိယထပ်၊ သီလ(၁၀)လမ်း၊** |
| | **(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်** |
| | **ဖုန်း-၀၉-၇၇၈၉၄၀၂၀၆** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ လူနေရပ်ကွက်အမှတ်-၅/၆၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ်-၁၉၀/ခ မြေဧရိယာအကျယ်အဝန်း ၀ဒသမ၀၂၇ဧက (အလျားပေ ၂၀x အနံပေ ၆၀) အကျယ်အဝန်းပေါ်ရှိ မြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားရှိသည့် (အလျား ၁၇ ၁/၂ပေxအနံပေ ၆၀) အကျယ်အဝန်းရှိ နှစ်ထပ်တိုက်အိမ်တစ်လုံးပါအဝင် အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်သည့် အခြားအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်မာဂရက်(ဘ)ဦးကျော်ဂျီ ၁၂/အစန(နိုင်)၁၅၉၅၃၆ မှ ၎င်းအမည်ပေါက် နှစ် ၆၀ ဂရန်စာချုပ်နှင့်အတူ မိမိသည် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားရှိသူတစ်ဦးဖြစ်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြီး အိမ်ခြံမြေအား အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းပြောဆိုလာသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်မြင့်မြင့်ကြည်(ဘ)ဦးဝင်းကြည် ၁၂/မရက(နိုင်)၁၁၅၈၁၆ နှင့် မခင်လပြည့်(ဘ) ဦးအောင်ဆန်းဝင်း ၁၂/မရက(နိုင်)၁၈၄၆၃၉တို့မှ အဆိုပါအိမ်ခြံမြေအား အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ ငွေကြေးတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အိမ်ခြံမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန်းသန်းစိုး (LL.B, D.B.L)** **ဒေါ်သီသီအေး (LL.B (Q), D.I.L,C.B.L)**
**(တရားလွှတ်တော်ရှေ့နေ စဉ်-၁၃၈၅၁)(အထက်တန်းရှေ့နေ စဉ်-၄၀၆၆၉)**
**တိုက်အမှတ်-၁၈၊ မြေညီထပ်(အေ)၊ သင်္ဂဟာလမ်း၊ (ဃ)ရပ်ကွက်၊ သုဝဏ္ဏ၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၂၈၀၈၀၉၊ ၀၉-၄၃၁၇၆၀၃၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## တောင်ငူခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၄

| ရွှေထွန်း ကုမ္ပဏီ | နှင့် | မမေမြတ်နိုး |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ထန်းတပင်မြို့၊သီရိဟေမာရပ်ကွက်နေ တရားပြိုင် မမေမြတ်နိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ရွှေထွန်းကုမ္ပဏီက တရားပြိုင်ထံမှ ကုမ္ပဏီသို့ ပေးသွင်းရန် ငွေကျပ် ၁၀၁၆၁၇၂၇၅/-(ငွေကျပ်သိန်းတစ်ထောင်တစ်ဆယ့်ခြောက်သိန်းတစ်သောင်းခုနစ်ထောင်နှစ်ရာ ခုနှစ်ဆယ်ငါးကျပ်)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင် သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ရက် (၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန့်စင်ငြိမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**တောင်ငူခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရှိုင်းကိုကို ၈/မသန(နိုင်)၁၁၀၃၉၉နှင့် ဒေါ်ပေရယ်သိမ့် ၈/မသန(နိုင်)၀၉၁၇၅၀တို့မှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မင်းစေတီလမ်းသွယ်(၁)လမ်း ၊ အမှတ်(၅၆၁) အလျား(၄၅)ပေ x အနံ(၁၅)ပေ (ဘိုးဘွားပိုင်)မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးအေးသိန်း ၁၁/စတန(နိုင်) ၀၈၇၉၃၉ နှင့် ဒေါ်မြသိင်္ဂီလှိုင် ၁၁/စတန(နိုင်)၀၉၂၂၅၉တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်၏ထံသို့ ယခုကြေညာသည့်အချိန်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးကြည် (LL.B,CBL,DBL,DIL)**
**အထက်တန်းရှေ့နေ(စဉ်-၃၃၂၈၆/၂၀၁၀)**
**အမှတ်(၃၂၅)၊ ခေမာ(၁)လမ်း၊ (ဌ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၉၄၇၇၆၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ညာဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/ဘီ၅၊ မြေကွက်အမှတ် ၇၉၊ ဧရိယာ ၀ဒသမ၉၄၃ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊(၁၁)ရပ်ကွက်၊ အိမ်အမှတ် ၃၇၄တွင်နေထိုင်သူ ဦးဟန်ကျော်ကျော်ထက် ၁၂/ဥကတ(နိုင်) ၀၀၀၁၇၁မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းဦး ၁၂/မရက(နိုင်) ၀၀၀၅၃၁ မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၇၈၆၇ (၂၈-၁၀-၂၀၁၀)**
**အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ ၁၇ ရပ်ကွက်၊ ရွှေပေါက်ကံ၊**
**မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၅၄၁၂၅၆၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၉၉/ပန်းဘဲတန်း)၊ မြေကွက်အမှတ်(၀/၅၅)၊ မြေဧရိယာ(၀ဒသမ၁၈၄)ဧကရှိမြေအားစစ်ကိုင်းမြို့တိုးချဲ့ရပ်ကွက်နှင့် ပန်းခြံများ တည်ဆောက်ရေးလုပ်ငန်းဦးစီးအဖွဲ့(စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)မှ ၁၉၉၇-၁၉၉၈ ခုနှစ်ခန့်က ဒေါ်ဆွေဆွေဝင်း(ခ)ဒေါ်ချိုချို အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပြီး ဦးဆွေဝင်းထံသို့ ရောင်းချခဲ့ကြောင်း၊ ဦးဆွေဝင်းမှာ ကွယ်လွန်သွားပြီးဖြစ်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဆွေဆွေဝင်း(ခ)ဒေါ်သူဇာဝင်းမှ မြေပေးမိန့် ပြန်လည်လျှောက်ထားလာခြင်းအပေါ် မြို့မြေအား စီမံခန့်ခွဲခွင့်ရှိသည့် သက်ဆိုင်ရာဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်သာ ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စိစစ်တင်ပြလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့၏ (၂၉-၆-၂၀၂၂)ရက်စွဲပါ စာအမှတ် ၃/၆-၃(၁၃)/(၈၁၀)မြေလွှဲဖြင့် အကြောင်းကြားလာမှုအပေါ် ယခင်ဒေါ်ဆွေဆွေဝင်း (ခ) ဒေါ်ချိုချို (SGG-၀၈၃၄၂၉) အမည်ဖြင့် ရရှိခဲ့သည့် မြေပေးမိန့်အား ဒေါ်ဆွေဆွေဝင်း(ခ)ဒေါ်သူဇာဝင်း ၉/မမန(နိုင်)၀၁၆၁၂၄အမည်ဖြင့် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ (၂၃-၈-၂၀၂၂) ရက်စွဲပါ အမိန့်အမှတ် ၂/၂၀၂၂ ဖြင့် မြေပေးမိန့် ပြင်ဆင်ထုတ်ပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဆွေဆွေဝင်း(ခ)ဒေါ်သူဇာဝင်းမှ လူနေထိုင်ရန်အတွက် ပုဂ္ဂလိကမြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့(ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း
## အကြောင်းကြားစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)
## မြဝတီခရိုင်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၁၂
## ကွယ်လွန်သူ ဦးစိုးမြင့်၌ ကျန်ရစ်သော ပစ္စည်းများအကြောင်း

**ဒေါ်ခင်မေရီ(ဘ)ဦးပါ** — လျှောက်ထားသူ

အမှတ်(၁၅၉)ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ အထက်ပါလျှောက်ထားသူက ကွယ်လွန်သူ ဦးစိုးမြင့်၏ဇနီး ဖြစ်သည်ဟူ၍ အမှတ်(၁၅၉)၊ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ကွယ်လွန်သူ ဦးစိုးမြင့်မှာ ကျန်ရှိသော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးရှေ့၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်ခင်မေရီမှကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသည်ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက် (၁၃၈၄ခုနှစ်၊ ပြာသိုလဆန်း ၈ရက်) (ကြာသပတေးနေ့) တွင်လာရောက်ကြရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ဇော်ဦး)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဝင်းထွန်း ၁၁/စတန(နိုင်)၀၉၉၄၆၅ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၀၃၃၆၃၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တော ၈/ပမန(နိုင်)၁၀၉၆၃၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၃၄၂၄၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၄၄၂၇, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဇင်မိုး ၆/မမန(နိုင်) ၂၄၂၂၉၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး**
**(မြိတ်)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/8639 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ထားဝယ်တက္ကသိုလ်တွင် ဒုတိယနှစ် ဓာတုဗေဒ အထူးပြုဖြင့် တက်ရောက်ပညာသင်ကြားနေသော ဦးမင်းကျော်ကျော်သွင်၏ သမီး မခင်ပိုးမီမီ ၆/ထဝန (နိုင်) ၁၄၆၆၈၇အား ယနေ့မှစ၍ မခင်ထက်ထက်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခင်ထက်ထက်ကျော်**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၁၅၅၃-က)နေ ကျွန်မ ဒေါ်နွယ်နီဝင်း ၁၂/ဒဂတ(နိုင်) ၀၄၄၁၆၉နှင့် ဦးရဲလင်း ၁၂/ဒဂတ(နိုင်)၀၄၃၃၈၈တို့သည် (၄-၆-၂၀၀၀)ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သား(၁)ဦးထွန်းကားခဲ့ပါသည်။ ကျွန်မတို့သည်တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန်မဖြစ်နိုင်သောကြောင့် (၂၉-၁၁-၂၀၂၂)ရက်တွင် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပါသည်။ နောက်နောင်တွင် ဦးရဲလင်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝနှင့် ငွေရေးကြေးရေးအရှုပ်အရှင်းကိုတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် နောက်နောင် တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှနှင့် ပစ္စည်းဥစ္စာများကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းပြုလုပ်ပါက တည်ဆဲတရားဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နီဝင်း**
**၁၂/ဒဂတ(နိုင်)၀၄၄၁၆၉**

## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းကြိုင် ၁၀/မဒန(နိုင်)၁၀၉၂၈၇နှင့် ဦးစံသိန်း ၁၀/မဒန(နိုင်)၀၈၈၀၀၄တို့သည် ၁-၂-၂၀၂၁ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး နှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများဖြစ်သည့် မြေကွက်အမှတ် (၂၂၁)၊ ဗိုလ်ချုပ်လမ်း၊ မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်၊ အကျယ်အဝန်းမျက်နှာစာ ပေ ၆၀၊ အရှည်ပေ ၈၀ရှိ နေအိမ်+ခြံမြေကွက်နှင့် မြေကွက်အမှတ် (၂၆၁၁)၊ (၂၂)လမ်း၊ မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်၊ အကျယ်အဝန်းမျက်နှာစာပေ ၄၀၊ အရှည် ၈၅ပေရှိ နေအိမ်နှင့်ခြံမြေကွက်အပါအဝင် စုစုပေါင်းခြံမြေကွက် (၂)ကွက်တို့အား နှစ်ဦးအတူတကွ ပိုင်ဆိုင်ကြသည်ဖြစ်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းကြိုင် သိရှိသဘောတူညီခြင်းမရှိဘဲ အခြားသူတစ်ဦးဦးမှ (မည်သူမဆို) ခြံစည်းရိုးခတ်ခြင်း၊ မြေတိုင်းတာခြင်း၊ မြေခွဲစိတ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လျှဒါန်းခြင်းများမပြုလုပ်ပါရန် နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး တရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းကြိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ် (၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၅၆)ရပ်ကွက်၊ မြေကွက်အမှတ် ၁၁၂၀၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန် (၄၁ပေx၆၀ပေ)ရှိ မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ် ၁၁၁၉ နှင့် ကပ်လျက်အခြမ်း၊ (၂၀x၆၀)ပေရှိ မြေကွက်နှင့် အဆောက်အအုံအား အမည်ပေါက် ပိုင်ဆိုင်သူ ဦးညွှန့်ရွှေ ထံမှ ဆက်စပ်အရောင်းအဝယ်စာချုပ်စာတမ်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဝေဝေခင် ၁၂/ဗဟန(နိုင်)၀၂၀၈၅၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအုန်းမြင့် ၁၂/ဥကတ(နိုင်)၀၅၈၈၅၈ သည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်း မူရင်းများ၊ အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအုန်းမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၄၃၄/၂၀၂၁)**
**အမှတ် (၈၅၈)၊အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/မြောက်)၊ အနော်မာ (၁၈)လမ်း၊ မြေကွက်အမှတ် (၂၂၅) ဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်းပေ (၄၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သည့် ဒေါ်သန်းချို(ဘ)ဦးအုန်းဖေ ၁၂/သကတ(နိုင်)၁၀၅၂၄၉ (CI-025770)မှ ၎င်း၏ သမီးအရင်းတော်စပ်သူ ဒေါ်နှင်းသီတာချို ၁၂/သကတ(နိုင်)၀၁၃၃၄၃အား အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်ကို မေတ္တာဖြင့် အပိုင်ပေးကမ်းမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်ခွင့်ရှိသည့် စာရွက်စာတမ်း အထောက်အထား မူရင်းနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်သည်။ ၎င်းရက်ကျော်လွန်ပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝေယံငြိမ်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၉၂၃)**
**အမှတ် (၃၂၃)၊ အောင်တံခွန်လမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၀၆၀၅၅**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြကန်သာဥယျာဉ်အိမ်ရာ၊ စစ်ကိုင်းလမ်း၊ အမှတ် (ဖ/ဘီ)နေ (ဘ) ဦးခင်မောင်ဝင်း(ခ)ဝူစောပင်၏ သားများဖြစ်ကြသော ဦးနေမင်းထွန်း ၁၂/လမတ(နိုင်)၀၃၄၁၃၈ နှင့် ဦးဟိန်းမင်းသူ ၁၂/လမတ(နိုင်)၀၃၆၅၅၄ တို့မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၁၀၂၉၅/၂၀၂၂) ၁၄-၁၂-၂၀၂၂ ဖြင့် မှတ်ပုံတင်တင်သွင်း၊ ကြော်ငြာပြုလုပ်ထားပြီးဖြစ်ပါသည်-

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် **"ပေါင်မုန့်၊ ကိတ်မုန့်၊ စားသောက်ကုန်အမျိုးမျိုး"**တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါကုန်အမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဆက်လက်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, P.G.D.L)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| တရားလွှတ်တော်ရှေ့နေ၊ | တရားလွှတ်တော်ရှေ့နေ၊ |
| စဉ်-၁၆၁၉၆ | စဉ်-၇၅၁၅ |
| ဖုန်း- ၀၉-၅၁၇၁၄၃၃ | ဖုန်း -၀၉-၂၅၄၄၈၈၃၃၀ |

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များထံသို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၀ခုနှစ်၊ တရားမ အယူခံမှုအမှတ်-၁၆၁

| | | |
|---|---|---|
| ဒေါ်ဖြူဖြူ | နှင့် | ဦးမောင်မောင်သန်း ပါ ၂ |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

၂၀၁၉ခုနှစ် ဒီဇင်ဘာ ၁၉ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားပထမအယူခံမှုအမှတ် ၁၃၉/၂၀၁၇ကို အယူခံမှု။

အယူခံတရားပြိုင်(၁) ဦးမောင်မောင်သန်း၊ အမှတ်-၉၉၊ ဒုတိယထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့(ယခင်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိနေ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေ ဦးကြည်ဝင်းက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေကဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန္ဒာသိန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၀)၊ ခေတ္တာလမ်း အိမ်အမှတ်(၆၅၇)၊ အကျယ်အဝန်း (အလျားပေ၄၀x အနံပေ၆၀) ရှိ မြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ ဂရန်အမည်ပေါက်ဖြစ်သော ဦးကျော်ဆွေ ၁၂/ဒဂဆ(နိုင်) ၁၀၁၄၈၈ ထံမှ ယခုရောင်းချသူ ဦးစိုးငွေး(၁၁/ရသတ(နိုင်)၀၆၃၁၂၈)က အရောင်း အဝယ်စာချုပ် အဆက်အဆက်ဖြင့် လက်ဝယ်ထားပိုင်ဆိုင်ကာ အရှုပ်အရှင်း ကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ် မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော် လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယုယုလွင် ၁၂/ဒဂတ(နိုင်)၀၅၁၃၈၂၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှဌေး (LLB, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၆၆)**
**အမှတ်(၁၂၃၉)၊ တိုက်(B)၊ ပထမထပ်၊ အောင်သုခ(၂၅)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉-၇၉၅၉၁၇၃၀၆၊ ၀၉-၂၅၂၈၂၇၇၄၁**

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၂/၂၀၂၂ ဖြင့် ဝဏ္ဏကျော်ထင်ဘွဲ့တံဆိပ် ကို ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)အား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူး လိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး**
**အရာထမ်း၊ အမှုထမ်းမိသားစုများ**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 55W/40400 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးထိုက်လွင်ဦး ၁၄/ဟသတ(နိုင်) ၂၁၂၅၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်AA/3645 Toyota Corona At 211 Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ထွန်း ၁၂/ဥကမ(နိုင်)၀၉၈၀၁၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက် ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၈၁၊ ညောင်ပင်သာကွင်း)၊ ဦးပိုင်အမှတ် (၆၆)၊ ဧရိယာ ၀ ဒသမ ၁၅၈ ဧကနှင့် ဦးပိုင်အမှတ်(၁၇၅)၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ မြေကွက်များအား မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ အုပ်စု၊ ညောင်ပင်သာကျေးရွာနေ ဦးလှဖုန်း ၁၄/ညတန(နိုင်)၁၀၂၁၅၇ မှ မြေငှားဂရန် အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ ညောင်တုန်းမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်မှူးရုံး၏ ၇-၁၂-၂၀၂၂ ရက်စွဲပါ စာချုပ်အမှတ် (၁၂/၂၀၂၂)၊ ၁-၈-၂၀၂၂ရက်စွဲပါ စာချုပ်အမှတ် (၅/၂၀၂၂)၊ (၁၀)နှစ်ဂရန်ကျပြီး အဆောက်အအုံ မြေ အရောင်းအဝယ်စာချုပ်များနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့် အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန် အမည်ပြောင်းထုတ်ပေးမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနများတွင်အသုံးပြုရန် အတွက်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ် နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်း ရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ် ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | အနံ့အသက်ပျောက်ဆေး(Surshitizyme)/ရေမီတာ | ၈၀၀/၂၅၁၇ထုပ်/လုံး |
| (ခ) | ခြင်သားလောင်းမပေါက်ပွားဆေး(Abate) | ၂၃၀ ပုံး |
| (ဂ) | ဒီဇယ်ဆီ/ ပရီမီယံဒီဇယ်ဆီ/ဓာတ်ဆီ | ၂၄၀၆၃၃/ ၁၃၀၀၀/ ၁၂၀၀၀ ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၁၂-၂၀၂၂ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၁-၂၀၂၃ ရက်၊ ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက် များကို ဖုန်း-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၉ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၈၈

| | | |
|---|---|---|
| ဦးစိန်ဝင်း (ဒေါ်ခင်ခင်ဝင်း-ကွယ်လွန်သူ ဦးစိန်ဝင်း၏တရားဝင်ကိုယ်စားလှယ်) | **နှင့်** | ၁။ ဒေါ်လှမြင့် ၂။ ဦးဆန်းဦး (၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးသန်းဌေး အောင်) ၃။ ဦးမောင်မောင်ဇော် |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

၂၀၁၉ခုနှစ် ဩဂုတ် ၃၀ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၂၅/၂၀၁၄ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရာဇသူရလမ်း၊ အမှတ် (၁၀၄၆)နေ အမှတ်(၂) အယူခံတရားပြိုင် ဦးဆန်းဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံ တရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင် စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ခုနှစ် ဇန်နဝါရီ ၂၆ရက် (၁၃၈၄ခုနှစ် တပို့တွဲလဆန်း ၆ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင် ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမ ကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆို ထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံ ရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝါဝါထွေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၇၁)၊ ဈေးချောင်းတောင် အကွက်၊ ဦးပိုင်အမှတ်(၂၆၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိမြေကို ဒေါ်ယမင်းခိုင် အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)ချထားပေးပါရန် လျှောက်ထားချက် များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် သမဝါယမအသင်း လီမိတက် အိတ်ပိတ်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

ရပ်စောက်မြို့နယ်၊ သမဝါယမအသင်းစုလီမိတက်မှ ပိုင်ဆိုင်သော ရပ်စောက်မြို့၊ တောင်ကွက်သစ်ရပ်ကွက်ရှိ ကွင်းအမှတ် (၂၅၁-ဗထူး)၊ ဦးပိုင်အမှတ်(၁၄)မှ အကျယ်အဝန်း(၀ဒသမ ၁၇၀ ဧက)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၇၀' x၃၀' x၁၄') အဆောက်အအုံအား အောက်ပါ အစီအစဉ်အတိုင်း အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (၁) | **လေလံလျှောက်လွှာ ရောင်းချမည့်ရက်** | - ၂၉-၁၂-၂၀၂၂ရက်မှ ၅-၁-၂၀၂၃ရက်အထိ |
| (၂) | **လေလံလျှောက်လွှာ ပိတ်သိမ်းမည့်နေ့ရက်** | - ၅-၁-၂၀၂၃ရက်၊ ညနေ ၄ နာရီ |
| (၃) | **လေလံတင်ရောင်းချမည့်ရက်/အချိန်** | - ၆-၁-၂၀၂၃ရက်၊ နံနက် ၁၀ နာရီ |
| (၄) | **လေလံတင်ရောင်းချမည့်နေရာ** | - ရပ်စောက်မြို့နယ် သမဝါယမအသင်းစု ရုံးခန်းမ၊ ဦးဥတ္တမလမ်း၊ မြို့မဈေးအရှေ့ဖက်၊ ဈေးတန်းရပ်ကွက် |

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား မေးမြန်း စုံစမ်းနိုင်ပါသည်-

ဖုန်း-၀၈၁-၂၂၀၄၀၈၈၊၂၂၀၄၀၈၉၊ ၀၉-၇၇၂၁၉၅၀၂၉၊
၀၉-၄၂၈၃၄၈၅၀၇၊

**မြို့နယ်သမဝါယမအသင်းစုလီမိတက်**
**ရပ်စောက်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ယခင် ရပ်ကွက်ကြီး(၈)၊ ယခုရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်/မြေကွက်အမှတ်၊ (BB)၊ မြနန္ဒာရပ်ကွက်၊ ဦးပိုင်အမှတ် ၉၃၊ မြေကွက်အမှတ်(၉၃)၊ မြေ ဧရိယာ ၀ဒသမ ၀၈၃ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကိုကိုလွင် ၃/ဘအန(နိုင်)၁၄၀၆၅၂မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းကြိုင် (၁၀/မဒန(နိုင်) ၁၀၉၂၈၇)နှင့် ဦးစံသိန်း ၁၀/မဒန(နိုင်)၀၈၈၀၀၄တို့သည် ၁၉၉၂ခုနှစ်မှစ၍ နှစ်ဦးသဘောတူ တရားဝင်အကြင်လင်မယားများအဖြစ် လက်ထပ် ပေါင်းသင်းခဲ့ကြပြီးနောက် သားကြီး မောင်ပိုင်ပိုင်ခ (အသက် ၂၃နှစ်)၊ သားငယ် မောင်စိန်အောင်(ခ)ညီညီစန်း (အသက် ၁၅နှစ်) တို့(၂)ဦးမွေးဖွား ထွန်းကားခဲ့ပြီးနောက်ပိုင်းတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့သောကြောင့် ဆက်လက်ပေါင်းသင်းရန် နှစ်ဦး နှစ်ဖက်စိတ်ဆန္ဒမရှိတော့ပါသဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၁-၂-၂၀၂၁ ရက်တွင် ဂုဏ်သရေရှိနှစ်ဖက်သော အသိမိတ်ဆွေသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲ ခဲ့ကြပြီးဖြစ်၍ အဆိုပါရက်မှစ၍ ဦးစံသိန်းနှင့် ဒေါ်သင်းသင်းကြိုင်တို့သည် တစ်စုံတစ်ရာပတ်သက်ဆက်နွယ်မှုမရှိတော့သည့်အပြင် ဦးစံသိန်းနှင့် ပတ်သက်သော ဖြစ်ပေါ်လာမည့် ကိစ္စအရပ်ရပ်တို့သည်လည်း ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းကြိုင်နှင့် လုံးဝဆက်နွယ် ပတ်သက်မှု တစ်စုံတစ်ရာ မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းကြိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ကန့် ကွက် နိုင် ပါ သည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ စက်မှုလယ်ယာ (၂)လမ်း၊ မြေကွက်အမှတ်(၃၄)၊ ဦးခင်မောင်မြင့်အမည်ပေါက် (အလျား ၄၀ ပေ × အနံ ၆၀ ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက် (ခေါင်းရင်းဘက်ခြမ်း)ဖြစ်သော တရားဝင် မခွဲစိတ်ရသေးသည့် (အလျား ၁၀ ပေ×အနံ ၆၀ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်း မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရပ်ကတိ အရောင်း အဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ်ထား ပိုင်ဆိုင်သူ ဒေါ်နန်းဝါဝါစိုး (၁၂/ ဒဂရ(နိုင်)၀၀၄၆၂၇)က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းနွယ်(B.A(ECO)H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၁၁၈၆၉)၊**
အမှတ်-(၁၂၈/က)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊(၁၂)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၉၅၃၈၀၇၄၄၉

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၁)၊ စဉ့်အိုးဘို အကွက်၊ ဦးပိုင်အမှတ်(၁၃၆/ဃ)၊ ဧရိယာ ၀ ဒသမ ၀၂၄ဧကရှိမြေကို ဒေါ်ခင်လှဲ့ဆွေ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်း (အခြား) အသုံးစရိတ်ဖြင့် မန္တလေးမြို့၏ အထင်ကရနေရာအဖြစ် တည်ရှိနေသည့် တောင်သမန်ကန် (ဦးပိန်တံတား) ပတ်ဝန်းကျင်တွင် ဈေးဆိုင်ခန်း(၈၃) ခန်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရမည့်ရက်** - ၂၇-၁၂-၂၀၂၂ရက် မှ ၉-၁-၂၀၂၃ရက်

(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၉-၁-၂၀၂၃ရက်၊ ၁၆:၃၀နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၁၂-၁-၂၀၂၃ရက်၊ (ခန့်မှန်း)

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - (၆)ထပ်ဆောင်၊ အစည်းအဝေးခန်းမ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

(င) **တင်ဒါတစ်စုံရောင်းဈေးနှုန်း**

(၁) Lot-1
(၅၅x၂၀)(၂)ခန်းတွဲ(၄)လုံး တည်ဆောက်ခြင်း - ၁၀၀၀၀/ကျပ် (ကျပ်တစ်သောင်းတိတိ)

(၂) Lot-2
(၁၀x၁၀) (၅)ခန်းတွဲ (၁၅)လုံး တည်ဆောက်ခြင်း - ၁၀၀၀၀/ကျပ် (ကျပ်တစ်သောင်းတိတိ)

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန ဖုန်း-၀၉-၂၀၅၄၇၅၁ နှင့် ၀၉-၅၁၇၄၇၉၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့် ကုန်ရုံဌာန**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါ စက်သုံးဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | High Speed Diesel | (၁၉၄,၁၁၀) ဂါလန် |
| ၂။ | Premium Diesel | (၁၁,၂၀၀) ဂါလန် |

တင်ဒါရောင်းချမည့်ရက် - ၂၈.၁၂.၂၀၂၂/ နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၁၀.၁.၂၀၂၃/ နေ့လည် ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ်၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း ၊ ရန်ကုန်မြို့၊**
**ဖုန်း ၀၁-၈၂၅၄၁၉၁၊ ၀၉၅၁၄၄၉၈၀**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ ကြည်စုရပ်ကွက်၊ ရတနာသီရိလမ်း၊ အမှတ်-၇၁၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၏ ဒါဘာ(A)၊ ခြေရင်းခြမ်းတိုက်ခန်းကို ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူကာ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသူ ဦးဟိန်းထက်အောင် ၁၂/ပဇတ(နိုင်)၀၃၃၅၃၉ထံမှဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ သက်ဆိုင်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်သည်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇာလွင် ၉/စကန (နိုင်) ၀၇၂၁၈၇**
**အမှတ်(၁၅၅)၊ မြေညီထပ်၊**
**သီရိမြိုင်(၁၀)လမ်း၊ လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၂၅၀၀၅၄၈၀၈**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ပတ္တမြား(၂)လမ်း၊ ၇-အနောက်ရပ်ကွက်၊ အမှတ်(၁၁၂၅)(က/ခ)မြေပေါ်တွင် ရင်ကွဲတိုက် ဆောက်လုပ်ထားသော အဆောက်အအုံမှ (အလျား ၁၇ပေxအနံ ၅၄ပေ) အကျယ်အဝန်းရှိသော (၅-လွှာ/ခေါင်းရင်းခန်း)နှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမောင်လှ ၁၂/လမတ(ဧည့်)၀၀၀၅၈၉ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မေမြတ်အောင် ၇/ကဝန(နိုင်)၁၅၉၂၁၃မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါကကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ခင်သီတာစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၈၂)**
**အမှတ်(၃၆)၊ သံတံတားလမ်း၊**
**သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်**
**ဖုန်း-၀၉-၇၈၂၀၀၇၈၂၆**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကျောက်ဆည်တက္ကသိုလ်
## (၁၆)ကြိမ်မြောက်(နေ့သင်တန်း) နှင့် ပထမအကြိမ်မြောက် (အဝေးသင်သင်တန်း)
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

